သုခကိုခံစား၊ သောကကို ကျော်လွှားစေမည့်

လောကီ လောကုတ် နှစ်ဖြာအကျိုးအတွက်

ကျက်မှတ် ရွတ်ဖတ်အပ်သော

# ဦးစိန္တာ မန္တန်ပရိုက်

လျှို့ဝှက်ရှားပါး ထူးထူးခြားခြား

မန္တန်မန္တရားများစုံလင်သည်။

ဒုတိယအကြိမ်

လာဘ်မိုးရွာ၊ ဘေးကင်းကြောင်း၊ ကုန်ဝထုင်းတထွေ၊ မျက်မြေပြီယ၊ ဘန္ဒကြုံသာ၊ ပြည့်ဝစေရေး၊ တွန်းအားပေး မည့်—

ဦးဗိန္တာ

# မန္တန်ပုရပိုက်

* ဂါထာ၊ မန္တန်၊ မန္တရားအစွမ်းထက်စေရေးအတွက် သော့ချက်။
* အံ့ဖွယ်သော သိဒ္ဓိစွမ်းပကားကို ပေးမည့်— လျို့ဝှက်ရှားပါးသော ဂါထာ၊ မန္တန်၊ မန္တရားများ ပါရှိသည်။
* ဤစာအုပ်သည် အမြင်နုပ်သော်လည်း ရွှေထုပ်အညွှန့်ဖြစ်ပါ ဟု ဆိုနိုင်လောက်သည်။
* ဂါထာ၊ မန္တန်၊ မန္တရား အပုဒ်ပေါင်း (၁၅၀) ကျော် ပါရှိသည်။
* ထင်ပေါ်မှုသော ဂါထာ၊ မန္တန်၊ မန္တရားသည်ပင်လျှင် အလုံးဖြတ်မရနိုင်၊ ငွေကိုမမြင်နှင့်၊ သင့်အိမ်တွင် တစ်အုပ်ပြင့် ရှိကောင်းသော စာအုပ်၊

ဆရာတော် ဗားမဲ့ အစရှိသော ရှေးရှေးဆရာတော်များနှင့်

ဆရာစဉ်ဆက် ထားရှိသုံးစွဲခဲ့သည့်

လာဘ်မိုးရွာ ဘယာကင်းကြောင်း

ကုန်ရောင်းတထွေ မျက်ဖြေပိယ

စွယ်စုံရမည့်

ဦးစိန္တာ

# မန္တန်ပုရပိုက်

ပြည်လုံးကျွတ်ဖြန့်ချိရေး
စာပေဟင်းလေးအိုးကြီး
အမှတ် ၃၈၅/၃၈၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်။
☎ - ၂၅၀၇၅၀

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၄/၉၇ (၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၉/၉၇ (၁) |
| တတိယအကြိမ် | ၁၉၉၇ခု ဖေဖော်ဝါရီလ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၃၅/- |
| တာစီ | ရွှေမင်းသမီး ကွန်ပျူတာ<br>အမှတ် ၄၉၉၊ ဘီ(၅)၊ ပြည်လမ်း<br>ဖုန်း - ၅၂၆၄၀၆ |
| ထုတ်ဝေသူ | ဦးမြသန်း၊ အသိုင်းအဝိုင်းစာပေ<br>(မြ ၀၁၀၅၀)<br>အမှတ် ၃၅၊ ဖွဲ့စုံရပ်၊ ကမ္ဘာအေး<br>ရန်ကုန်။ |
| ပုံနှိပ်သူ (မျက်နှာဖုံးနှင့် အတွင်းစာသား) | ဦးဝင်းနိုင်၊ ဝေယံပုံနှိပ်တိုက်<br>(မြ ၀၅၃၅၁)<br>အမှတ် ၃၁၊ ဒဂုံသီရိလမ်း၊<br>ကျောက်မြောင်း၊ ရန်ကုန်။ |

## အမှာစကား

ဦးစိန္တာရဲ့ မန္တန်ပရပိုက်မှာ အမှာစာရေးဖို့ အခွင့်အလမ်းရတာ ဝမ်းသာစရာပါပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော် ကိုယ်တိုင်က ဂါထာမန္တန်တွေ အများကြီးကို စွမ်းသလား ဆိုပြီး ရွတ်ဖတ် ကြည့်ဖူးတယ်။ ဂါထာမန္တန်နှင့် ပတ်သက်လို့ ကိုယ်တွေ့တွေ အများကြီးပါပဲ။ စွမ်းပါတယ်။ တကယ် စွမ်းပါတယ်။

ဒီမန္တာန်ပရပိုက်မှာပါတဲ့ သမ္ဗုဒ္ဓေ မန္တရားကြီး တစ်ပုဒ်တည်း နှင့်ပဲ ဒီစာအုပ်ဟာ တန်ဖိုးကြီးမြင့်လှပါပြီ။ အပွင့်လို့ ခေါ်နိုင် လောက်တယ်။ အခြား ဘယ်စာအုပ်မှာမှ မတွေ့ရသေးဖူးတဲ့ သမ္ဗုဒ္ဓေ မန္တရားကြီးပါပဲ။

ဂါထာမန္တာန်တွေကို လေ့လာတဲ့အခါ ဘုရားဟိတ်၊ တရား ဟိတ်၊ သံဃာဟိတ် ဆိုတဲ့ ရတနာသုံးပါးဟိတ်နှင့် မကင်းတာ တွေ့ရမှာပါ။ ဒါက အထက်မန္တာန်တွေ ဆိုပါတော့။

အဲ...ဘုရားဟိတ်၊ တရားဟိတ်၊ သံဃာဟိတ် မပါတဲ့ ဂါထာတွေလဲ ရှိပါတယ်။ သွေးတိတ်မန်းဂါထာတို့၊ မြွေဆိပ်ဖြေ ဂါထာတို့ တော်တော်များများရှိတယ်။ တချို့ဂါထာတွေဆိုရင် အောက်ဂါထာတွေမှန်း သိသာထင်ရှားပါတယ်။

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်ကြောင့် အစွမ်းထက်တဲ့ မန္တန်တွေလို ရွတ်ဖတ်လို့ ဘယ်နှယ်မှ အကျိုးမယုတ်နိုင်ပါဘူး။ ဘာလို့လဲ ဆိုတော့ ရတနာသုံးပါးကို ဦးထိပ်ထားရာ ရောက်တယ်။ ရတနာသုံးပါးကို ဆင်ခြင်ပွားများရာ ရောက်တယ်။ အဲဒီက တစ်ဆင့် ဂါထာမန္တန်ရဲ့ အကျိုးကျေးဇူးကို ရရှိခံစားရမယ်။

ကျွန်တော် စစ်ကိုင်းတောင်ရိုးပေါ် တက်သွားတော့ အကျော် အမော် ဆရာတော် တစ်ဦးနှင့် တွေ့ပါတယ်။ ဆရာတော်က

ရေကန်ချောင် ဆရာတော်ပါပဲ။ ဆရာတော် တပည့်တော်ကို လောကီနှင့် ပတ်သက်တဲ့ ဂါထာမန္တန် တစ်ခုခု ချီးမြှင့်ပါဘုရားလို့ တောင်းလျှောက်တော့ ဆရာတော်က သူ့မှတ်တမ်းစာအုပ်ကလေး ကို သွားထုတ်ယူလာပြီး စာမျက်နှာ တစ်နေရာကို လက်ဖြင့် ထောက်ပြတယ်။ အသံထွက်ပြီးမရွတ်လေနှင့်၊ ခုနစ်ရက် လာဘ် ပိတ်မယ်။ ရေးကူးယူသွားလို့ အမိန့်ရှိပါတယ်။ ကျွန်တော် ရေးကူးယူခဲ့တယ်။

လက်ဝှေ့ပွဲတစ်ခုမှာ ရန်နိုင်စိန်ရဲ့ ထိုးချက်၊ ကန်ချက်တွေ သိပ်ကောင်းပြီး ပြိုင်ဘက်ကို အလဲထိုး အနိုင်ယူသွားတာကို ကြည့်မြင်လိုက်ရပါတယ်။ နောက်တစ်ပွဲမှာတော့ ရန်နိုင်စိန်နှင့် အခြားသူတစ်ယောက် ထိုးသတ်ရတဲ့ပွဲကို ကြည့်ရတယ်။ ကျွန်တော့် ဘေးက လက်ဝှေ့ဝါသနာအိုးဖြစ်တဲ့ သူကိုယ်တိုင်လဲ လက်ဝှေ့ အထိုးကောင်းတဲ့ အောင်အောင်ကို မေးကြည့်မိတယ်။ ဒီပွဲ ဘယ့်နှယ်လဲပေါ့လို့။ ဟာ...ရန်နိုင်စိန်က အပြတ်အသတ်နိုင်မှာ ပေါ့တဲ့။ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။

ကျွန်တော်က ဘယ်သူနိုင်စေ၊ ဘယ်သူတော့ ရှုံးစေလို့ သဘောမထားပါဘူး။ ဒါပေမယ့် ရေကန်ချောင် ဆရာတော်ဆီက ကူးယူလာတဲ့ မန္တန်လေးကို စမ်းကြည့်ချင်လာတယ်။ ဒီတော့ ကျွန်တော်နှင့် မျက်နှာမူ ကျရောက်လာသူကို ပြိုင်ဖက် သဘော သတ်မှတ်ပြီး ဓိဋ္ဌာန်လိုက်တယ်။ အဲ...ရန်နိုင်စိန်ဟာ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် လာကျတော့တာပါပဲ။

သူ့မျက်နှာကို ကြည့်ပြီး ပြိုင်ဖက် သဘော သတ်မှတ်လို့ မန္တန်ကို စိတ်ထဲက (၇)ခေါက် ရွတ်လိုက်တယ်။

တကယ်တော့ ရန်နိုင်စိန်က လက်ရည်အများကြီး သာပါတယ်။ နှစ်ယောက်စလုံးရဲ့ လက်ရည်ကို တွေ့မြင်ပြီးပြီပဲ။

အဲ...ဒီပွဲမှာတော့ ပထမအချီမှာပဲ ရန်နိုင်စိန် အလဲထိုးခံလိုက်ရတယ်။

ဒီမန္တန်ပရပိုက်ဟာ ညွှန်းဆိုထားတဲ့အတိုင်း ရွှေထုပ်တဲ့မြပဝါပါပဲ။ ဘာလို့လဲဆိုတော့ လူမှုရေး၊ အိမ်ထောင်ရေးဒုက္ခတွေ ပင်လယ်ဝေနေတဲ့ သူငယ်ချင်း မောင်သစ္စာက တောင်းလို့ ဒီမန္တန်ပရပိုက်အဖွင့်က "ဗုဒ္ဓတေဇေန၊ နိစ္စသုခေါ ဝရော အံမို" ဆိုတာကို နေ့စဉ် တတ်နိုင်သလောက် ရွတ်ဖတ်ဖို့ ကျွန်တော်က ပေးလိုက်တယ်။ သူက တလေးတစား ရွတ်တယ်။ ခုတော့ သာသနာ့ဘောင် ဝင်သွားပြီ။ နိုင်ငံသာသနာပြုဖို့ နိုင်ငံခြားကို ထွက်သွားပါပြီ။ မန္တန်ရဲ့ အဓိပ္ပါယ်က ဘုရားရှင်ရဲ့ တန်ခိုးအာနုဘော်တော်ကြောင့် ချမ်းသာခြင်းသည် ကျွန်ုပ်ထံသို့ အမြဲမသွေရောက်ရှိစေသတည်းလို့ ဖြစ်ပါတယ်။

တစ်နေ့ ဆရာမင်းသိခ်ထံ အလည်ရောက်သွားတော့ ဆရာမင်းသိခ်က သူ့ထံ လိပ်မူပြီးရောက်လာတဲ့ စာတစ်စောင်ကို ထုတ်ပြတယ်။ စာပါ အကြောင်းအချက်တွေ မှန်ကန်ကြောင်းကို ဆရာတော် တစ်ပါးက ထောက်ခံ ရေးသားထားပြီး တံဆိပ်ခပ်နှိပ်ထားတယ်။ အဲဒီမှာကတော့ "ဒုတိယံပိ ဗုဒ္ဓံ၊ သရဏံ၊ ဂစ္ဆာမိ"ကို တစ်နေ့ ပုတီး(၉)ပတ် စိတ်တဲ့ သူငယ်ဟာ မွေးကတည်းက မတွေ့ဖူးတဲ့ ဖခင်နှင့် အသက် ၂၄နှစ် အရွယ်ရောက်မှ ကားတစ်စင်းပေါ်မှာဘေးချင်းယှဉ်လျက် ထိုင်မိလျက်သားဖြစ်ပြီး ဖခင်နှင့် ပြန်ဆုံချင်တဲ့ ဆန္ဒတွေ ပြည့်ဝတဲ့အကြောင်းကိုယ်တိုင် ရေးသားပေးပို့တဲ့စာ ပါပဲ။

*ဒီမန္တန်ပရပိုက်ထဲမှာပါ တော်တော်ရှားရှားပါးပါး ဂါထာမန္တန်တွေ ပါပါတယ်။ တော်တော် အစွမ်း ထက်မြက်တဲ့ ဂါထာတွေ ပါပါတယ်။ သရဏဂုံ ၄၅-ပါးလိုမျိုး။*

**ဆရာစိန်ဆန်း(ဗေဒဝိဇ္ဇာ)**

ဗုဒ္ဓတောဇန နိစ္စသုခေါဝရော အံမို

# ဟ ရ ဆ စ

အပူရှိလျှင် အအေးရှိရမြဲ။

အေးမြစေလို ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်၊ မိဘရိပ်၊ ဆရာသမားရိပ်ကိုခို။

## အကြံပြုလိုသည်မှာ

ဦးခိုက်ရာသည် အနန္တောအနန္တငါးပါး။

မပြစ်မှားရာသည် ခင်ပွန်းကြီးဆယ်ပါး။

ရွတ်ဖတ် သရဇ္ဈာယ်အပ်ရာသည် ဂါထာမန္တရား။

အသက်တစ်ရာ မနေရသော်မှ အမှုတစ်ရာ တွေ့ရတတ်မြဲ။

အသက်တစ်ရာ နေရသော်မှ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခဲစွ။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသော်မှ အသက်တစ်ရာနေရခဲစွ။

မရဲသော်မှ ပြေးခဲစေ။

မပြေးသော် ကန်ရာရှိရစမြဲ။

အနာရှိလျှင် ဆေးရှိရမြဲ။

လောကဓံကို မလွန်ဆန်နိုင်သော်မှ ဗုဒ္ဓယတြာနှင့် ဂါထာမန္တရားများကို အားကိုးအားထားပြု၍ တွန်းလှန်လေလော့။

တရားကို နတ်စောင့်သည်။

ဗုဒ္ဓစက်၊ ဓမ္မစက်၊ သံဃစက် ဟိတ်အရှိန်ကြောင့် နတ်မင်းလည်း မနေသာ စောင့်ရှောက်လေမည်သာတည်း။

## ဂါထာ မန္တန် မန္တရား စွမ်းစေလိုလျှင်

* ကံငါးပါးကို လုံအောင်ထိန်းပါ။
* မေတ္တာ ဘာဝနာ ပွါးများနိုင်သမျှ ပွါးများပါ။
* သူတစ်ပါးကို ထိခိုက်စေမည့် အကျင့်အကြံ အပြောကို ရှောင်ကြဉ်ပါ။ ကိုယ်ချင်းစာစိတ် မွေးပါ။
* စိတ်အာရုံစူးစိုက်မှုရှိစေရန် စိတ်ကို လွှတ်မထားနှင့်။
* တစ်နေရာတည်းတွင် စူးစိုက်သည့် အကျင့်ကို မျိုးထောင်ပါ။
* ဂါထာ၊ မန္တန်၊ မန္တရားကို ရွတ်ဖတ်ရာတွင် နှုတ်ဖြင့်ပဲ ရွတ်ရွတ်၊ စိတ်ဖြင့်ပဲရွတ်ရွတ်၊ မိမိ၏ ရွတ်သံကို ပြန်အာရုံစိုက်သည့် အလေ့အကျင့် ရှိပါစေ။
* ဂါထာ၊ မန္တန်၊ မန္တရားတစ်ခုကို ဦးစွာဆိုပါ။ ဘုရားတွင် ရေချမ်းကပ်လှူ၍ အဓိဋ္ဌာန် တင်ပါ။ တစ်နေ့လျှင် (၁၀၈၀)၊ (၁၄) ရက်တိတိ ခေါက်ရေ (၁၅၁၂၀) ရွတ်ဆိုထားပါ။

"ကတိသစ္စာ တည်သောအခါ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်" ဟု ဆိုသည်။ အဓိဋ္ဌာန်အောင်လျှင် မန္တန်၏ ဟိတ်ကိုရမည်။ သို့မှသာ (၇) ခေါက်ဖြစ်စေ၊ (၉) ခေါက်ဖြစ်စေ၊ (၂၇) ခေါက်ဖြစ်စေ တတ်အားသမျှ ရွတ်က ဂါထာ၊ မန္တန်၊ မန္တရားဟူသမျှ အစွမ်းထက်မည်။

အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ ဘေးအမျိုးမျိုး အန္တရာယ် အသွယ်သွယ် ဆင်းရဲခြင်းအဖုံဖုံမှ ကင်းလွတ်စေရန် ရည်သန်ရွယ်မှန်းပြီး ဤမန္တန်ပုရပိုက်ကို စုဆောင်း ထုတ်နုတ် တင်ပြခြင်း ဖြစ်သည်။

သုခိအတ္တာနံ ပရိဟာရန္တု၊
ဦးစိန္တာ

# မာတိကာ


| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| | အကြံပြုလိုသည်မှာ– | |
| | အမှာစကား | |
| | သံဗုဒ္ဓေ မန္တရားကြီး | |
| ၁ | ရတနတ္တယ ပဏာမ | ၁ |
| ၂ | အောင်စကြာမန္တာန်တော်ကြီး | ၂ |
| ၃ | သဗ္ဗဇယမင်္ဂလာဂါထာ | ၂ |
| ၄ | နာညတြဂါထာ | ၄ |
| ၅ | ဘေးရန်ကင်းဂါထာတော် | ၅ |
| ၆ | ကိုယ်ပျောက်ဂါထာ | ၅ |
| ၇ | အစိန္တိယာဂါထာမန္တန်တော် | ၆ |
| ၈ | အရိယာသာဝတ္တိဂါထာတော် | ၇ |
| ၉ | သရဏဂုံဂါထာတော် | ၈ |
| ၁၀ | သရဏဂုံဂါထာတော်ကြီး | ၉ |
| ၁၁ | ပထမဗုဒ္ဓဝစန ဥဒါန်းဂါထာတော်ကြီး | ၁၀ |
| ၁၂ | ပစ္စယုဒ္ဒေသ ပါဠိတော် | ၁၁ |
| ၁၃ | အသက်အန္တရာယ်ကင်းဂါထာတော် | ၁၃ |
| ၁၄ | တပ္ပရာယန သရဏဂုံ ဂါထာတော် | ၁၃ |
| ၁၅ | မနောသိဒ္ဓိ မင်္ဂလာဂါထာတော် | ၁၅ |
| ၁၆ | ရောဂါအန္တရာယ်ကင်းမန္တန် | ၁၅ |
| ၁၇ | ပထဝီဇယဂါထာတော် | ၁၇ |
| ၁၈ | စိန္တာမဏိဂါထာတော် | ၁၇ |
| ၁၉ | မနောမယိဒ္ဓိဂါထာတော် | ၁၉ |

| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၂၀ | ထွက်ခေါင်ဆရာတော်ဘုရားကြီး၏ ရန်အောင်မြင် ဂါထာတော် | ၂၁ |
| ၂၁ | သဗ္ဗသိဒ္ဓိဂါထာတော် | ၂၃ |
| ၂၂ | အောင်တော်မူဂါထာတော် | ၂၄ |
| ၂၃ | ဗုဒ္ဓါဘိသေကဂါထာတော်ကြီး | ၂၅ |
| ၂၄ | အတွင်းစည်းချ ဂါထာတော်ကြီး | ၂၇ |
| ၂၅ | အရပ်လေးမျက်နှာစည်းချဂါထာ | ၂၉ |
| ၂၆ | အရပ်ရှစ်မျက်နှာစည်းချဂါထာ | ၃၁ |
| ၂၇ | သံ ၈-ချက် မိုးကြိုးကွင်းဂါထာ | ၃၆ |
| ၂၈ | သမ္ဗုဒ္ဓေကပ်ကျော် မန္တန်ကြီး | ၃၆ |
| ၂၉ | သမ္ဗုဒ္ဓေရွတ်နည်းနှင့် အကျိုးပြလင်္ကာ | ၃၉ |
| ၃၀ | ရှင်သီဝလိဂါထာ ၁၀-ပါး | ၄၀ |
| ၃၁ | စ,မကြီးလေးလုံးဂါထာ | ၄၅ |
| ၃၂ | ပထဝီဇယမန္တန် ၁၄-ဂါထာပါဠိ | ၄၆ |
| ၃၃ | ပထဝီဇယမန္တန်တော်အနက် | ၄၉ |
| ၃၄ | အရပ် ၁၀-မျက်နှာ စည်းချဂါထာ | ၅၄ |
| ၃၅ | အောင် ၈-ချက်ဂါထာ | ၅၇ |
| ၃၆ | တ-သ-ည-ခ-ဂါထာ | ၅၉ |
| ၃၇ | အောင်မင်္ဂလာဂါထာ | ၆၀ |
| ၃၈ | ဘေးရောဂါဆင်းရဲကင်းဂါထာတော် | ၆၂ |
| ၃၉ | ဝါစာအစိန္တေယျဂါထာ | ၆၅ |
| ၄၀ | ရူပအစိန္တေယျဂါထာ | ၆၅ |
| ၄၁ | ဉာဏအစိန္တေယျဂါထာ | ၆၆ |
| ၄၂ | ဣဒ္ဓိအစိန္တေယျဂါထာ | ၆၆ |

| မာတိကာ | စာမျက်နှာ |
| --- | --- |
| သိရိဝမုနမန္တန် | ၆၈ |
| ဗလဝမုနမန္တန် | ၆၈ |
| ဣစ္ဆာသယမန္တန် | ၆၉ |
| ခရီးသွားအန္တရာယ်ကင်းဂါထာ | ၇၀ |
| မိုးညှင်းဆရာတော်ဘုရားကြီး၏ | |
| အန္တရာယ်ကာကွယ်နည်းမန္တန် | ၇၁ |
| ကိုယ်အန္တရာယ်ကင်းဂါထာ | ၇၃ |
| အသက်အန္တရာယ်ကင်းဂါထာ | ၇၄ |
| အသက်အန္တရယ်ကင်းမန္တန် | ၇၆ |
| ဘုရားဂုဏ်တော် | ၇၇ |
| တရားဂုဏ်တော် | ၇၉ |
| သံဃာ့ဂုဏ်တော် | ၈၀ |
| အန္တရာယ်ကင်းဂါထာတော် | ၈၁ |
| သရဏဂုံ ၄၅-ပါး | ၈၂ |
| ဇလွန်မြို့ ပြည်တော်ပြန်ဘုရားကြီး၏ | |
| စမ္မက္ခဏ်မန္တန် | ၈၄ |
| ဒုက္ခပ္ပတ္တာဂါထာ | ၈၇ |
| နတ်မင်းကြီးလေးပါး စောင့်ရှောက်ရန်ဂါထာ | ၈၈ |
| မိုးကြိုးလွှဲဂါထာတော် | ၈၉ |
| ငလျှင်ကာကွယ်ဂါထာ | ၈၉ |
| ကြိုးချက်ဂါထာ | ၉၀ |
| ယံဒုန္နိမိတ္တံဂါထာ | ၉၁ |
| ကာရှစ်ချက်ဂါထာတော် | ၉၂ |
| ဖုဋ္ဌဿမန္တန် | ၉၂ |
| ဥဏ္ဏာလုံမွေးရှင်တော် ဂါထာမန္တရားကြီး | ၉၃ |

ဦးရေ　　မာတိကာ

၆၆　ဣ–ရှစ်ချက်ဂါထာတော်
၆၇　ဓိ–ရှစ်ချက်ဂါထာတော်
၆၈　လက်နက်ရန်သူကွင်းဂါထာ
၆၉　ဘီလူးပြေးဂါထာ
၇၀　ဝေဒါသာကု ဂါထာတော်
၇၁　ဓမ္မစေတီမင်းကြီး၏ သက်စောင့်ဂါထာတော်
၇၂　အောင်တော်မူဂါထာတော်
၇၃　ဘားမဲ့ဆရာတော်ကြီး အမြဲရွတ်ဖတ်
　　သရဇ္ဈာယ်သော ဂါထာတော်ကြီး
　　ဣတိပိသောဂုဏ်တော်
၇၄　ဘဂဝါဂုဏ်တော်
၇၅　အရဟံဂုဏ်တော်
၇၆　သမ္မာသမ္ဗုဒ္ဓဂုဏ်တော်
၇၇　ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်
၇၈　သုဂတောဂုဏ်တော်
၇၉　လောကဝိဒူ ဂုဏ်တော်
၈၀　အနုတ္တရောဂုဏ်တော်
၈၁　ပုရိသဒမ္မသာရထိဂုဏ်တော်
၈၂　သတ္ထာဒေဝမနုဿာနံဂုဏ်တော်
၈၃　ဗုဒ္ဓေါဂုဏ်တော်
၈၄　ဘဂဝါဂုဏ်တော်
၈၅　မနောမယိဒ္ဓိ ဂါထာတော်ကြီး
၈၆　မင်းစိုးချစ်ခင်စေလျှင်
၈၇　ကျမ်းစူးပြေစေချင်လျှင်
၈၈　ကျောက်ဝက်သက်ကုလိုလျှင်

| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၈၉ | ငါးအရိုးမျက်ပြေစေလိုလျှင် | ၁၀၃ |
| ၉၀ | ချောင်းဆိုးပျောက်လိုလျှင် | ၁၀၄ |
| ၉၁ | ခွေးမဟောင်စေလိုလျှင် | ၁၀၄ |
| ၉၂ | ရွှေငွေပေါစေလိုလျှင် | ၁၀၄ |
| ၉၃ | စကားအောင်စေလိုလျှင် | ၁၀၄ |
| ၉၄ | ချစ်စေလိုလျှင် | ၁၀၄ |
| ၉၅ | မိမိကို ရိုကျိုးစေလိုလျှင် | ၁၀၄ |
| ၉၆ | အနှောင်အဖွဲ့မှ လွတ်စေချင်လိုလျှင် | ၁၀၅ |
| ၉၇ | ဘေးရန်ကင်းကွာစေလိုလျှင် | ၁၀၅ |
| ၉၈ | စုန်းတစ္ဆေ နိုင်စေလိုလျှင် | ၁၀၅ |
| ၉၉ | ရန်သူဘေးမှ လွတ်လိုလျှင် | ၁၀၅ |
| ၁၀၀ | တစ်ရာ့ရှစ်ချက် ဓားလက်နက်မျိုး မတိုးစေလိုလျှင် | ၁၀၅ |
| ၁၀၁ | ပီယကိုလိုလျှင် | ၁၀၆ |
| ၁၀၂ | အမျက်ပြေစေလိုလျှင် | ၁၀၆ |
| ၁၀၃ | အပြိုင်အဆိုင်နိုင်စေလိုလျှင် | ၁၀၆ |
| ၁၀၄ | ကုန်ရောင်းတွင်စေလိုလျှင် | ၁၀၆ |
| ၁၀၅ | အလောင်းအစား နိုင်လိုကြားလျှင် | ၁၀၆ |
| ၁၀၆ | နှောကိုးတန် ဣရှစ်တန် လိုတရ ဂါထာတော်ကြီး | ၁၀၇ |
| ၁၀၇ | ရွတ်နည်းနှင့် အကျိုးများ | ၁၀၇ |
| ၁၀၈ | ဣစ္ဆိတ္ထ ဂါထာတော် | ၁၀၉ |
| ၁၀၉ | မှော်ချုပ်ကိုးဂါထာ | ၁၁၀ |
| ၁၁၀ | ဣစ္ဆာသယ သရဘူဂါထာတော် | ၁၁၁ |
| ၁၁၁ | ဘုရားငါးဆူဂါထာတော် | ၁၁၂ |

| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၁၂ | ဣစ္ဆိတ ဂါထာတော် | ၁၁၄ |
| ၁၁၃ | အန္တရာယ်ကင်းဂါထာ | ၁၁၄ |
| ၁၁၄ | ဗုဒ္ဓဣစ္ဆိတဝရဂါထာ | ၁၁၅ |
| ၁၁၅ | ဓမ္မဣစ္ဆိတဝရဂါထာ | ၁၁၅ |
| ၁၁၆ | သံဃဣစ္ဆိတဝရဂါထာ | ၁၁၅ |
| ၁၁၇ | သူရဿတိဂါထာ | ၁၁၆ |
| ၁၁၈ | ဂုဏ်တော်နဝင်း | ၁၁၆ |
| ၁၁၉ | စည်းစိမ်မန္တန် | ၁၁၈ |
| ၁၂၀ | ပီယဂါထာ | ၁၁၈ |
| ၁၂၁ | ကိုယ်စိတ်ချမ်းသာဂါထာ | ၁၁၉ |
| ၁၂၂ | ကြံတိုင်းအောင်မန္တန် | ၁၁၉ |
| ၁၂၃ | လာဘ်မိုးရွာမန္တန် | ၁၁၉ |
| ၁၂၄ | ပီယဂါထာ | ၁၂၀ |
| ၁၂၅ | လာဘ်ပေါများဂါထာ | ၁၂၀ |
| ၁၂၆ | ဘုရားငါးဆူ | ၁၂၀ |
| ၁၂၇ | ဘိုးသိကြား | ၁၂၀ |
| ၁၂၈ | နမောဂိရိမန္တရားကြီး | ၁၂၁ |
| ၁၂၉ | သဗ္ဗဣစ္ဆာသဃဂါထာ | ၁၂၂ |
| ၁၃၀ | လာဘ်ခေါ်မန္တန် | ၁၂၃ |
| ၁၃၁ | လူခပ်သိမ်းချစ်သော မန္တရား | ၁၂၃ |
| ၁၃၂ | အကြံအောင် မန္တရား | ၁၂၄ |
| ၁၃၃ | အကာအပွင့် | ၁၂၄ |
| ၁၃၄ | မာတင်္ဂဂါထာတော် | ၁၂၄ |
| ၁၃၅ | သဗ္ဗသိဒ္ဓိမန္တန် | ၁၂၇ |
| ၁၃၆ | ရသေ့ကြီး ဦးခန္တီ၏ နဝင်းဂါထာ | ၁၂၇ |

| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၃၇ | ဆေးဝင်္ကပါဆရာတော်၏ | |
| | ဇဝံအစိန္တယာဗုဒ္ဓါမန္တန် | ၁၂၈ |
| ၁၃၈ | ဂုဏ်တော်ဂါထာပျံ | ၁၂၉ |
| ၁၃၉ | အမှုကိစ္စပြီးစေသော မန္တရား | ၁၃၀ |
| ၁၄၀ | ဒိဗ္ဗစက္ခုဂါထာတော် | ၁၃၀ |
| ၁၄၁ | ဘေးလွတ်ကပ်ကျော် ဂါထာတော် | ၁၃၁ |
| ၁၄၂ | ဣစ္ဆိတလာဘ မန္တရားကြီး | ၁၃၁ |
| ၁၄၃ | လူနတ်ချစ်သော ဂါထာတော် | ၁၃၂ |
| ၁၄၄ | ရသီအလင်္ကာအန္တိမ ပိယဂါထာတော်ကြီး | ၁၃၃ |
| ၁၄၅ | အန္တရာယ်ကင်းမန္တန် | ၁၃၃ |
| ၁၄၆ | အကာအကွယ် ထုံးမန်းမန္တန် | ၁၃၃ |
| ၁၄၇ | သိဒ္ဓိပြီးနဝင်းဂါထာ | ၁၃၄ |
| ၁၄၈ | ကပ်ကျော်ဂါထာ | ၁၃၅ |
| ၁၄၉ | လက်ထိပ်ကြိုးပြေဂါထာ | ၁၃၅ |
| ၁၅၀ | ရှိန်းဆာယာမန္တန် | ၁၃၆ |
| ၁၅၁ | လာဘ်ခေါ်မန္တန် | ၁၃၆ |
| ၁၅၂ | သြော်ရှစ်ချက်ဣစ္ဆိတလာဘဂါထာတော် | ၁၃၆ |
| ၁၅၃ | ဝိသာခါဂါထာ | ၁၃၇ |
| ၁၅၄ | အနာရောဂါကင်းဂါထာ | ၁၃၈ |
| ၁၅၅ | ဂုဏ်တော်ဂါထာ | ၁၃၈ |
| ၁၅၆ | သူခိုးခြေချုပ်မန္တန် | ၁၃၉ |
| ၁၅၇ | ခိုးသားဓားပြ မနှိပ်စက်နိုင်သောမန္တန် | ၁၄၀ |
| ၁၅၈ | သရဏာသုခံဂါထာတော် | ၁၄၀ |
| ၁၅၉ | သဗ္ဗဣစ္ဆိတဂါထာကြီး | ၁၄၁ |
| ၁၆၀ | ရာဇဣတ္တိယသျှိုဂါထာ | ၁၄၃ |

အကြွယ်အကာ၊ အပွင့်လာဘ၊ ပိယနှင့် သိဒ္ဓိအမျိုးမျိုးကို ပြီးမြောက်စေနိုင်သော သမ္ဗုဒ္ဓေ မန္တယားကြီး -

ဩောင်း- သမ္ဗုဒ္ဓေ သဋ္ဌဝိသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။
အပ္ပကာ ဝါလုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ၊
ဗုဒ္ဓသေဋ္ဌံ မဟာတေဇံ၊
သဗ္ဗပိယ လာဘလာဘံ။

ဩောင်း- နမော ဗုဒ္ဓ ဓေယျမင်္ဂလံ၊
သိရီပုဏ္ဏံ တေသံ၊
ဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ၊
အာဒရေန န,မာမဟံ။
နမက္ကာရာ နုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။
အာဂစ္ဆေယျ သဗ္ဗဒေဝါ၊
အာယု ဝဏ္ဏော သုခံ ဗလံ၊
သဗ္ဗသိဒ္ဓိ မဟိဒ္ဓိကာ၊
ဇယ(တေဇ) ဒသဒိသာ၊
ဘဝတု မမ သဗ္ဗဒါ။

ဦးစိန္တာ

# မန္တန်ပုရပိုက်

## ရတနတ္တယ ပဏာမ

❖❖❖❖❖❖❖❖❖❖

အနန္တဂုဏသမ္ပန္နံ၊ ဝန္ဒိတွာ ရတနတ္တယံ။
ကရိဿံ ယံ ဗြဟ္မ မန္တံ၊ ဟိတတ္ထံ တံ သဏ္ဌေသုဏော။

အနန္တဂုဏသမ္ပန္နံ- ဆုံးစမထင် များဂုဏ်အင်နှင့် ပြည့်စုံလင်တော်မူထသော၊ ရတနတ္တယံ-ဘုရား, တရား, သံဃာများဟု သုံးပါးမြတ်စွာရတနာကို၊ ဝန္ဒိတွာ-ကာယ-ဝစီ မနောချီလျက် သုံးလီဒွါရ ပဏာမဖြင့် ကြည်စွရိုကျိုး ရှိခိုးပြီး၍။ ဗြဟ္မ-တန်ခိုးထက်လတ် သိဒ္ဓိကပ်အောင် မြင့်မြတ်ပေသော၊ ယံမန္တံ-ဘုရားသခင် သူတော်စဉ်တို့ ဟောထွင်ပြမှန် အကြင်မန္တန်ကို၊ ဟိတတ္ထံ-လောကုတ်လောကီ ၂-လီကျိုးများ ဘက်စုံတိုးပွား စေခြင်းငှာ၊ ကရိဿံ-ပုရပိုက်မူ ရေးယူမပြောင်း ပြုစုဆောင်းအံ့။ သဏ္ဌေ-နှလုံး ဖြူစင်ကျိုး လိုချင်ကြား သူတော်စဉ်များတို့သည်၊ တံ-ကျိုးဖြစ်စေမှု စုပေါင်းပြုသည့် ခေါ်မှုသမိုက် "မန္တန်ပုရပိုက်" မည်ဆန်းထိုရှေးကျမ်းကို၊ သုဏော (သုဏောယျာထ)-မေတ္တာစိတ်ထား သဒ္ဓါအားဖြင့် ပါဠ်သား နက်သွင် ဉာဏ်ခြထင်အောင် နေ့စဉ်မပြတ် နာကြားရွတ်ဖတ် သရဇ္ဈာယ်ကြပါကုန်လော့။

❂ ❂ ❂

## အောင်စကြာ မန္တန်တော်ကြီး

မဟာဒယ် မဟာပည်၊
မဟာတေဇံ မဟာဝိရံ။
ဂုဏာလယ် ကတပုည်၊
ခမ္မရာဇံ နမေ ဇိန်။

မဟာ ဒယ်၊ ကြီးမြတ်သော သနားကြင်နာခြင်းလည်း ရှိထသော။ မဟာပည်၊ ကြီးမားလျှင်မြန် ဝဇီရဉာဏ်နှင့်လည်း ပြည့်စုံထသော။ မဟာတေဇံ၊ သိဒ္ဓိအမျိုးမျိုး ဘုန်းတန်ခိုးလည်း ကြီးထသော။ မဟာဝိရံ၊ ကြီးမြတ်သော လုံ့လလည်း ရှိထသော။ ဂုဏာလယ်၊ ဂုဏ်ကျေးဇူး အပေါင်းတို့၏ စုဝေးတည်ရာလည်း ဖြစ်ထသော။ ကတပုည်၊ ပြည့်အပ်ပြီးသော ဘုန်းကံ ပါရမီလည်း ရှိထသော။ ဓမ္မရာဇံ။ တရားမင်းလည်း ဖြစ်ထသော။ ဇိန်၊ ဒေ, ကိ, ခန်, မစ်, ဘိ, မာရ် စစ်ကို သတ်ညှစ်ပယ်ဖျင် အောင်မြင်တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ၊ (နမာမိ) ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။

❂ ❂ ❂

## သမ္ဗုဒ္ဓေယမင်္ဂလာဂါထာ

(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိံ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော ဘာတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
ဟာဒိသံ တေဇသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

အာဒိစ္စော၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ထွန်းပြောင် ထိန်ဝင်း ရှင်နေမင်းသည်။ ဒိဝါ၊ နေ့ အခါ၌၊ တပတိ၊ မိုက်မှောင်ပယ် ဖျောက် ထွန်းလင်းတောက်ပ၏။

စန္ဒိမာ၊ သော်တာယုန်နန်း လပြည့်စန်းသည်။ ရတ္တိံ၊ ညဉ့်အခါ၌။ ဘာတိ၊ ထွန်းလင်းကျက်သရေ တောက်ပလေ၏။

ခတ္တိယော၊ ရေမြေပိုင်နင်း ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ၊ ချပ်ဝတ် တန်ဆာ ဆင်ယင်သော အခါ၌။ ဘာတိ၊ မင်းတို့ ကျက်သရေ ထွန်းလင်းတင့်တယ် တောက်ပလေ၏။

ဗြာဟ္မဏော၊ မကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ဈာယီ၊ ဈာန်သမာပတ် ဝင်စားလတ်သည် ရှိသော် (ဝါ) ဈာန်ဝင်စားသော အခါ၌။ တပတိ၊ ရဟန်း ကျက်သရေ ထွန်းလင်းတင့်တယ် တောက်ပ လေ၏။

အထ၊ ထိုမှ တစ်ပါး။ ဝါ၊ ထိုနေမင်း, လမင်း အစရှိသည်တို့ထက်။ ဗုဒ္ဓေါ၊ သစ္စာလေးရပ် တရားမြတ်ကို ဆတ်ဆတ်သိမြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သဗ္ဗံ၊ အလုံးစုံသော။ အဟောရတ္တိံ၊ နေ့, ညဉ့်တို့ ပတ်လုံး။ တေဇသာ၊ ပါရမီတော်ကြောင့် ဖြစ်သော တန်ခိုး တော်ဖြင့်။ တပတိ၊ ဗုဒ္ဓကျက်သရေ ထွန်းလင်းတင့်တယ် တောက်ပတော် မူလေသတည်း။

တာဒိသံ၊ ထိုသို့ သဘောရှိတော် မူသော။ တေဇသမ္ပန္နံ၊ နေ့, ညဉ့် မည်သို့ တောက်ပဖြိုးသည့် တန်ခိုးတော်နှင့်လည်း ပြည့်စုံတော် မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ အာဒရံ၊ ကျိုးနွံမသွေ ရိုသေလှစွာ။ ဝန္ဒာမိ၊ သဒ္ဒါဖြိုးဖြိုးလက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်မြတ် ဘုရား။

သီဟိုဠ်ကျွန်း ဘာတိကမင်းလက်ထက်၌ ဘာတိကမင်း တောင်းပန် သဖြင့် ပညာရှိ အမတ်တစ်ယောက်သည် ထိုဂါထာတော်ကို ရွတ်ဖတ်

သရဏ္ဍာယ်ရာတွင် ရွှတ်ဖတ်ဆဲ ခဏ၌ပင် အသပြာ တစ်ထောင်(၁၀၀၀) လက်တွင်းသို့ ရောက်လာ၏။

○○○

## နာညတြ ဂါထာတော်

နာညတြ ဗောဇ္ဈတပသာ၊
နာညတြ န္ဒြယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။

ဗောဇ္ဈတပသာ၊ ဗောဓိဉာဏ်၏ အကြောင်း ကောင်းမြတ်သော ဗောဇ္ဈင်ဟု ဆိုအပ်သော အကျင့်မြတ်ကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ ခပ်သိမ်းဥဿုံ လုံးစုံများစွာသတ္တဝါတို့၏။ သောတ္ထိံ၊ ဘေးရန်မသင့် ချမ်းသာခွင့်ကို။ အဟံ၊ ငါဘုရားသည်။ နပဿာမိ၊ မြင်တော်မမူ။

ဣန္ဒြိယသံဝရာ၊ ဣန္ဒြေခြောက်ခုစောင့်ထိန်းမှုကို အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ ခပ်သိမ်းဥဿုံ လုံးစုံများစွာသတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခွင့်ကို။ အဟံ၊ ငါဘုရားသည်။ နပဿာမိ၊ မြင်တော်မမူ။

သဗ္ဗနိဿဂ္ဂါ၊ ခပ်သိမ်းသော ဥပဓိတို့၏ ကင်းလွတ်ရာ နိဗ္ဗာန်တရားကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ဘေးရန်မသင့် ချမ်းသာခွင့်ကို။ အဟံ၊ ငါဘုရားသည်။ နပဿာမိ၊ မြင်တော်မမူ။

ဤဂါထာကို နေ့စဉ်မပြတ် ရွှတ်ဖတ် သရဏ္ဍာယ်က ချမ်းသာမှု အဝဝနှင့် ပြည့်စုံ၏။ စည်းစိမ် ကျက်သရေ တိုးပွား၏။ အန္တရာယ် အမျိုးမျိုးမှ လွတ်ကင်း၏။ အထူးသဖြင့် အသက်အန္တရာယ်မှ လွတ်ကင်း အသက်ရှည်၏။ ရောဂါ ကင်းပျောက်၏။ အိပ်ရာဝင် အိပ်ရာထ မပြတ် ရွှတ်ဖတ်လေ။

## ဘေးရန်ကင်း ဂါထာတော်

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။

သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံဘဝ။

ဝီရ၊ ပြီးချော အဆုံးအစ ကြီးသော လုံ့လ ရှိတော်မူသော၊ ဗုဒ္ဓ၊ လေးသစ္စာပန်းခိုင်ကို လှမ်းကိုင်ပွားဆွတ်, ဘုရားမြတ်။ တေ၊ ထင်ရှား မတ်မတ် အရှင်ဘုရားမြတ်အား။ နမော၊ ငါ ဟူသော မာန်ကို ဖျက်ချိုး၍ ရှိခိုးခြင်းသည်။ အတ္ထု၊ သဒ္ဓါသစ်ဝေ ဖြစ်ပါစေဘုရား။

တွံ၊ လူနတ်ထင်ရှား အရှင်ဘုရားသည်၊ သဗ္ဗဓိ၊ ရုပ်, နာမ် ကျူးခြံု အလုံးစုံသော ကိုယ်တော်၌။ ဝိပ္ပမုတ္တော၊ အရဟတ္တမဂ်ဖြင့် တိခြွေ၍ ကိလေသာတို့မှ ကင်းလွတ်သည်။ အသိ၊ လှစ်ဖော်တူရှု ဖြစ်တော်မူ၏။

အဟံ၊ အားကို ကြည့်မျှော် တပည့်တော်သည်။ သမ္ဗာဓပ္ပဋိပန္နော၊ ဘေးရန် ပတ်ဆီး၍ ကြပ်တည်း ကျဉ်းမြောင်းသည်။ အသ္မိ၊ လက်တွေ့ တွေ့ဝေဖြစ်၍ နေပါ၏ အရှင်ဘုရား။

တွံ၊ ဘေးရန် တားတတ် အရှင်ဘုရားမြတ်သည်။ တဿမေ၊ သဒ္ဓါမွန်ဆုပ် ထိုအကျွန်ုပ်၏။ သရဏံ၊ ပွားတိုးသဒ္ဓါ အားကိုးရာသည်။ ဘဝ၊ သနားချစ်မျှော် ဖြစ်တော်မူပါ အရှင်ဘုရား။

လ, နတ်သား - နေ့, နတ်သားတို့ အသူရိန် ဖမ်းထားစဉ် ရွတ်ဆိုသဖြင့် ဘုရားဂုဏ်တော် အာနုဘော်ကြောင့် အသူရိန်လက်မှ လွတ်မြောက်ကြလေ၏။

❂ ❂ ❂

## ကိုယ်ပျောက် ဂါထာတော်ကြီး

ဘဝေဝါဟံ ဘယံဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။

ဘဝံ နာဘိဝဒိံ၊ ကိဉ္စိ။ နန္ဒိံ စ နဥပါဒိယိံ။

အဟံ၊ ငါ ဘုရားသည် ဘဝေ၊ ဘဝများစွာ သံသရာ၌။ ဘယံ၊ ဇာတိဒုက္ခ စသည်များတောင်း ဘေးအပေါင်းကိုလည်းကောင်း။ ဘဝဋ္ဋ၊ သုံးဆယ့်တစ်ထပ် ဘဝရပ်ကို လည်းကောင်း။ ဝိဘဝေသိနဋ္ဌ၊ ဘဝကောင်း ရှာသမား တဏှာ တရားကို လည်းကောင်း၊ ဒိသွာ ဧဝ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန် သိမြင်ပြီး၍ သာလျှင်။ ကိဉ္စိ၊ စိုးစဉ်းမျှသော။ ဘဝံ၊ ကောင်းလိမ့်နိုးနိုး ဘဝမျိုးကို။ နာဘိဝဒိံ၊ စွဲစွဲလမ်းလမ်း မယူမှန်းပေ။ နန္ဒိံ စ၊ ဘဝများစွာ ခင်တွယ်ရှာသည့် တဏှာတရားကိုလည်း နဥပါဒိယိံ၊ စွဲစွဲလမ်းလမ်း မယူမှန်းပေ။

ဘုရားရှင်နှင့် ဗကဗြဟ္မာ တန်ခိုးပြိုင်ရာ၌ ဘုရားရှင်က ပုန်းကွယ် တော်မူရာ၊ ဗကဗြဟ္မာ ရှာမတွေ့မမြင်၊ ထိုအခါ ဘုရားရှင်က ဤဂါထာ တော်ကို ဟောပြတော်မူ၏။

ဤဂါထာကို ပွားများရွတ်ဖတ်သူသည် ကိုယ်ပျောက်၏။ အန္တရာယ် ကင်း၏။ ရန်သူတို့ မမြင်နိုင်ဟု ရှေးဆရာတို့ သုံးစွဲလာကြ၏။ လက် တွေ့လည်း ကျင့်သုံးနေသူတွေ ခံစားနေရပြီ။

❂ ❂ ❂

## အစိန္တိယာ ဂါထာမန္တန်တော်

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

နတ္ထိမေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ စဇာမိ ဇီဝိတံ ဗုဒ္ဓံ။
ဧတေန သစ္စဝဇ္ဇေန၊ အစိန္တိယဖလံ ဟောတု။
အန္တရာယော ဝိနဿန္တု။

ဗုဒ္ဓါ၊ ဘုရားတို့သည်။ ဧဝံ၊ ဤသို့။ အစိန္တိယာ၊ မကြံစည်နိုင်သော တန်ခိုးလည်း ရှိကုန်၏။ ဗုဒ္ဓဓမ္မာ၊ ဘုရားတို့၏ ဂုဏ်တော်တို့သည်။ အစိန္တိယာ၊ မကြံစည်နိုင်ကုန်။ အစိန္တိယေ၊ မကြံစည်နိုင်သော ဘုရားရှင်၏ တန်ခိုး၌ ပသန္နာနံ၊ ကြည်ညိုကုန်သော သူတို့အား။ အစိန္တိယော၊ မကြံစည်နိုင်သော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ ဖြစ်၏။

မေ၊ အကျွန်ုပ်အား။ အညံ၊ ဘုရားမှ တစ်ပါးသော၊ သရဏံ၊ ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိ။ ဗုဒ္ဓေါ၊ ဘုရားသည်။ မေ။ ကျွန်ုပ်၏။ ဝရံ၊ မြတ်သော။ သရဏံ၊ ကိုးကွယ်ရာတည်း၊ ဗုဒ္ဓံ၊ ဘုရားကို။ သရဏံ-ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဗုဒ္ဓံ၊ ဘုရားကို။ ဇီဝိတံ၊ အသက်ကို။ စဇာမိ၊ စွန့်ပါ၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်ကန်သောစကားကြောင့်။ အစိန္တိယဖလံ၊ မကြံစည်နိုင်သော အကျိုးသည်။ ဟောတု၊ ဖြစ်စေသတည်း။ အန္တရာယော၊ ကိုယ်တွင်း,ကိုယ်ပ, နှစ်ဌာန၌ ရှိသော ဘေးရန် အပေါင်းသည်။ ဝိနဿန္တု၊ ကင်းစင်လွင့်ပျောက် ကြစေသတည်း။

❂ ❂ ❂

## အရိယာ သာဝတ္တိဂါထာတော်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ- မြတ်စွာဘုရားကို၊ သရဏံ- ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏၊

ဓမ္မံ- တရားတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။

သံဃံ- သံဃာတော်မြတ်ကို၊ သရဏံ- ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။

ဤဂါထာတော်ကို ရွတ်, ဖတ်သူသည် ရွတ်ဖတ်စဉ် စိတ်တည်ငြိမ်စွာ ထားပါ။ ဘုရား၊ တရား၊ သံဃာ-ရတနာ ၃-ပါးသို့ ညွှတ်နေပါစေ။ ယုံကြည် စိတ်ချစွာဖြင့် အဖန်ဖန် ရွတ်ဖတ်ပါက ကျရောက်ဆဲ၊ ကျရောက်ပြီး၊ ကျရောက်လတ္တံ့သော ဘေးရန်တို့မှလွတ်ကင်းပြီး စီးပွားချမ်းသာ ဂုဏ်သရေတိုးတက်ကာ ယခုဘဝရော နောင်ဘဝပါ ကောင်းကျိုးများ တိုးပွားပြီး နိဗ္ဗာန်ကိုပင်ရောက်နိုင်ပါပေ၏။ မှန်၏။ သရဏဂုံမြဲသူသည် တမလွန်၌ သုဂတိဘဝ ကိန်းသေရပေ၏။ အပါယ်ငရဲသို့ မရောက်တော့ပေ။

## သရဏဂုံ ဂါထာတော်

ဗုဒ္ဓေါ မေ သရဏံ၊ အညံ နတ္ထိ။
ဓမ္မော မေ သရဏံ၊ အညံ၊ နတ္ထိ။
သံဃော မေ သရဏံ၊ အညံ နတ္ထိ။

ဗုဒ္ဓေါ- မြတ်စွာဘုရားသည်၊ မေ- တပည့်တော်၏။ သရဏံ- ကိုးကွယ်ရာပါတည်း၊ အညံ- ဘုရားမှ တခြားသော ကိုးကွယ်ရာ ဘုရားသည်။ နတ္ထိ- မရှိပါ။

ဓမ္မော- တရားတော်မြတ်သည်၊ မေ- တပည့်တော်၏၊ သရဏံ- ကိုးကွယ်ရာပါပေတည်း။ အညံ- ဗုဒ္ဓတရားမှ တစ်ပါးအခြားသော ကိုးကွယ်ရာ တရားသည်၊ နတ္ထိ- မရှိပါ။

သံဃော–သံဃာတော်မြတ်သည်၊ မေ–တပည့်တော်၏၊ သရဏံ–ကိုးကွယ်ရာပါပေတည်း။ အညံ–ဘုရား၏ တပည့်သံဃာတော်မှ တစ်ပါးအခြားသော ကိုးကွယ်ရာသည်၊ နတ္ထိ– မရှိပါ။

အကျိုးကား– အဖိုးအနဂ္ဃပင်၊ နေ့ညမပြတ် ရွတ်ဖတ်သရဏ္ဍာယ်အပ်ပါပေ၏။

## သရဏဂုံ ဂါထာတော်ကြီး

ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မော မေ သရဏံ အညံနတ္ထိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃော မေ သရဏံ အညံနတ္ထိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓေါ– မြတ်စွာဘုရားသည်၊ မေ– တပည့်တော်၏။ သရဏံ–ကိုးကွယ်ရာ ပါတည်း။ အညံ– တစ်ပါးသော ကိုးကွယ်ရာ ဘုရားသည်။ နတ္ထိ– မရှိပါ။ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ– ဆည်းကပ်ပါ၏။

ဓမ္မော– တရားတော်သည်။ မေ– တပည့်တော်၏။ သရဏံ–ကိုးကွယ်ဆည်းကပ် ရာပါပေတည်း။ အညံ–ဗုဒ္ဓတရားတော်မှတစ်ပါးအခြားသော ကိုးကွယ်ရာ တရားသည်။ နတ္ထိ– မရှိတော့ပါ။ ဓမ္မံ–ဗုဒ္ဓတရားတော်ကို၊ သရဏံ–ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ–ဆည်းကပ်ပါ၏။

သံဃော– သံဃာတော်သည်။ မေ– တပည့်တော်၏။ သရဏံ–ကိုးကွယ်ရာပါတည်း။ အညံ– ဗုဒ္ဓတပည့် သံဃာတော်မှ တစ်ပါးသောအခြား ကိုးကွယ်ရာ သံဃာသည်။ နတ္ထိ– မရှိတော့ပါ။ ဗုဒ္ဓံ– မြတ်စွာဘုရားကို။ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– ဆည်းကပ်ပါ၏။

## ပထမဗုဒ္ဓဝစန ဥဒါန်း ဂါထာတော်ကြီး

အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယ မဇ္ဈဂါ။

ဂဟကာရံ-ခန္ဓာအိမ် ဆောက်ထား တဏှာလက်သမားကို၊ ဂဝေသန္တော- ရှာမှီးသော ငါ ဘုရားသည်။ အနိဗ္ဗိသံ၊ မရလတ်သော်။ အနေက ဇာတိ သံသာရံ-တစ်ပါးမက များစွာသော ဘဝသံသရာ ပတ်လုံး။ သန္ဓာဝိဿံ- ကျင်လည် ရလှလေပြီ။ ပုနပ္ပုနံ- ထပ်ခါထပ်ခါ။ ဇာတိ- ပဋိသန္ဓေ နေရခြင်းသည်၊ ဒုက္ခာ- ဆင်းရဲလှ၏။

ဂဟကာရက၊ ခန္ဓာအိမ် ဆောက်သမား တဏှာယောကျ်ား၊ တွံ-သင့်ကို ဒိဋ္ဌော- မြင်အပ်သည်။ အသိ- ဖြစ်ပြီ။ ပုန-တဖန်၊ ဂေဟံ-ခန္ဓာအိမ်ကို၊ နကာဟသိ-မဆောက်လုပ်ရတော့၊ တေ-သင့်၏။ သဗ္ဗာ-အားလုံးကုန်သော၊ ဖာသုကာ-ကိလေသာ အချဉ်နရယ်တို့ကို၊ ဘဂ္ဂါ-ဖျက်ချိုးအပ် ကုန်ပြီ။ ဂဟ-ကူဋံ - ခန္ဓာအိမ်၏ အဝိဇ္ဇာ အထွတ်ကို။ ဝိသင်္ခတံ- ဖျက်ဆီးအပ်ပြီ။ စိတ္တံ- စိတ်သည်။ ဝိသင်္ခါရဂတံ- သင်္ခါရ ကင်းရာ နိဗ္ဗာန်သို့ရောက်ပြီ။ တဏှာနံ-တဏှာတို့၏။ ခယံ- ကုန်ရာ နိဗ္ဗာန်ကို။ အဇ္ဈဂါ-ရပြီ။

ဘုရားရှင်သည် ဘုရားဖြစ်တော် မူပြီး၍ ဆင်ခြင်လတ်သော်-

တဏှာ လက်သမားကို သဗ္ဗညုတ ဉာဏ်တော်ဖြင့် မြင်တော်မူ၍ အရဟတ္တ မဂ်ဉာဏ်ဖြင့် ပယ်တော်မူပြီး ခန္ဓာအိမ်ကို အဆောက် မခံရ တော့သဖြင့် လွန်စွာ ဝမ်းမြောက်ကာ ဤဂါထာကို ပထမဆုံး ဥဒါန်း ကျူးတော် မူလေသည်။ ဘုရားရှင်ကို အာရုံပြု၍ ရွတ်ဖတ်သရဇ္ဈာယ် သူတိုင်း ကောင်းကျိုးတရားကို ရကြလေသည်။ နေ့-ညမပြတ် ရွတ် ဖတ်ကြပါကုန်။

## ပစ္စယုဒ္ဒေသ ပါဠိတော်

ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရ ပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော ပစ္ဆာဇာတ ပစ္စယော အာသေဝနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရ ပစ္စယော ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္ထိပစ္စယော နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတ ပစ္စယောတိ။

ဟေတုပစ္စယော - ဟေတုပစ္စည်း လည်းကောင်း၊ အာရမ္မဏ ပစ္စယော- အာရမ္မဏပစ္စည်း လည်းကောင်း၊ အဓိပတိပစ္စယော - အဓိပတိပစ္စည်း လည်းကောင်း၊ အနန္တရပစ္စယော - အနန္တရပစ္စည်း လည်းကောင်း၊ သမနန္တရပစ္စယော- သမနန္တရပစ္စည်း လည်းကောင်း၊ သဟဇာတပစ္စယော- သဟဇာတပစ္စည်း လည်းကောင်း၊ အညမည ပစ္စယော-အညမညပစ္စည်း လည်းကောင်း၊ နိဿယပစ္စယော-နိဿယ ပစ္စည်း လည်းကောင်း ဥပနိဿယပစ္စယော-ဥပနိဿယပစ္စည်း လည်း ကောင်း၊ ပုရေဇာတပစ္စယော-ပုရေဇာတပစ္စည်း လည်းကောင်း၊ ပစ္ဆာ ဇာတပစ္စယော- ပစ္ဆာဇာတပစ္စည်း လည်းကောင်း၊ အာသေဝနပစ္စယော-

အာသေဝနပစ္စည်း လည်းကောင်း၊ ကမ္မပစ္စယော- ကမ္မပစ္စည်း လည်းကောင်း၊ ဝိပါကပစ္စယော- ဝိပါကပစ္စည်း လည်းကောင်း၊ အာဟာရပစ္စယော-အာဟာရပစ္စည်း လည်းကောင်း၊ ဣန္ဒြိယပစ္စယော- ဣန္ဒြိယပစ္စည်း လည်းကောင်း၊ ဈာနပစ္စယော- ဈာနပစ္စည်း လည်းကောင်း၊ မဂ္ဂပစ္စယော-မဂ္ဂပစ္စည်း လည်းကောင်း၊ သမ္ပယုတ္တပစ္စယော-သမ္ပယုတ္တပစ္စည်း လည်းကောင်း၊ ဝိပ္ပယုတ္တပစ္စယော-ဝိပ္ပယုတ္တပစ္စည်းလည်းကောင်း၊ အတ္ထိပစ္စယော-အတ္ထိပစ္စည်း လည်းကောင်း၊ နတ္ထိပစ္စယော- နတ္ထိပစ္စည်း လည်းကောင်း၊ ဝိဂတပစ္စယော-ဝိဂတပစ္စည်း လည်းကောင်း၊ အဝိဂတပစ္စယောတိ-အဝိဂတပစ္စည်း လည်းကောင်း၊ ဣတိ-ဤကား ပစ္စည်း အကျဉ်း ညွှန်ပြခြင်းတည်း။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ရတနာဃရသတ္တာဟ၌ စံပါယ်တော် မူရာ-သဗ္ဗညုတ ဉာဏ်တော်ဖြင့် တရားတော်များကို ဆင်ခြင်သုံးသပ်တော် မူစဉ် အဘိမ္မာ ၇-ကျမ်းတွင် ပဋ္ဌာန်းကျမ်းကြီးသို့ ရောက်သောအခါ အလွန်ကြီးမားသော တိမိရပိင်္ဂလဝေလ ငါးကြီးသည် မဟာ သမုဒ္ဒရာကြီး၌သာ ကျက်စားနိုင်သလို သဗ္ဗညုတဉာဏ်တော်ကြီး လည်း အနန္တ နယသမန္တ ပဋ္ဌာန်းကျမ်းကြီး၌သာ ကျက်စားရာ ရသဖြင့် ဘုရားရှင်၏ ကိုယ်တော်မှ ရောင်ခြည်တော် ၆-သွယ်တို့သည် ကွန့်မြူး လာကြကုန်၏။

ဤသဗ္ဗညုတ ဉာဏ်တော်ကြီး ကျက်စားရာ ပဋ္ဌာန်းကျမ်းကြီး၌ အစဆုံး ပစ္စယုဒ္ဒေသပါဠိတော်ကို ရွတ်ဖတ်ရသဖြင့် အန္တရာယ်အမျိုးမျိုး ကင်းကာ စည်းစိမ်ချမ်းသာကို လက်တွေ့ ခံစားကြရလေပြီ။

ထို့ကြောင့် အကျိုးလိုလားကြသော အမျိုးသား အမျိုးသမီးတို့သည် နေ့စဉ်မပြတ် ရွတ်ဖတ်သင့် ကြပါသည်။

အရပ်ရှစ်မျက်နှာ စည်းချ၍ ကျင့်သုံးနေကြသူတွေ လက်တွေ့ ခံစားနေရပြီ။

## အသက်အန္တရာယ်ကင်း ဂါထာတော်

အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော။

ယံ ပရူပက္ကမေန တထာဂတံ၊ ဇီဝိတာ ဝေါရောပေယျ။

ဧတေန သစ္စဝဇ္ဇေန အန္တရာယော ဝိနဿန္တု။

ဘိက္ခဝေ– ရဟန်းတို့။ ပရူပက္ကမေန– သူတစ်ပါး လုံ့လပယောဂဖြင့်။ တထာဂတံ– မြတ်စွာဘုရားကို။ ဇီဝိတာ– အသက်တော်မှ၊ ယံဝေါရောပေယျ– အကြင်ကြောင့် ချနိုင်ခွင်းနိုင်ရာ၏။

တံဋ္ဌာနံ– ဤသို့ သူတစ်ပါး ပယောဂဖြင့် မြတ်စွာဘုရားကို အသက်မှ ချနိုင်ရာသော အကြောင်းသည်။ အဋ္ဌာနံ–အကြောင်းမဟုတ်။ သော– ဤသို့ သူတစ်ပါး ပယောဂဖြင့် မြတ်စွာဘုရားကို သက်တော်မှ ချနိုင်သော အခွင့်သည်။ အနဝကာသော–အခွင့်မဟုတ်။ အရာမဟုတ်။

ဧတေန သစ္စာဝဇ္ဇေန– ဤသစ္စာ စကားကြောင့်။ အန္တရာယော– အန္တရာယ်ဟူသမျှတို့သည်။ ဝိနဿန္တု– ကင်းကြပါစေကုန် သတည်း။

ဤမန္တန်တော်ကို ရွတ်ဖတ်ပွားများသူသည် အသက်အန္တရာယ် မရှိ။ သူတစ်ပါးတို့ ပယောဂဖြင့် မသေနိုင်။ ဘုရားဂုဏ်တော်သည် အနန္တတန်ခိုး ရှိ၏။ အနန္တဂုဏ်တော်ရှင်ကို အာရုံပြုခြင်း၊ ရွတ်ဖတ်ပွား များခြင်းဖြင့် များစွာသော အကျိုးကျေးဇူးတို့ကို ခံစားကြရလေပြီ။

## တပွရာယန သရဏဂုံ ဂါထာတော်

၁။ သောအဟံ ဝိစရိဿာမိ၊

ဂါမာ ဂါမံ ပုရာ ပုရံ။

နမဿမာနော သမ္ဗုဒ္ဓံ၊

ဓမ္မဿစ သုဓမ္မတံ။

၂။ သော အဟံ ဝိစရိဿာမိ၊
ဂါမာ ဂါမံ နဂါ နဂံ။
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿစ သုဓမ္မတံ။

သောအဟံ- ထို ငါသည်။ သမ္ဗုဒ္ဓံ- မြတ်စွာဘုရားကို။ နမဿမာနော-ရှိခိုးလျက်။ ဓမ္မဿ-ဗုဒ္ဓတရားတော်၏။ သုဓမ္မတံစ-ကောင်းစွာ ဟောတော်မူအပ်သော တရားကောင်း၏ အဖြစ်ကို လည်းကောင်း။ သံဃဿ- ဗုဒ္ဓတပည့် သံဃာတော်၏။ သုပ္ပဋိပန္နတဉ္စ- ကောင်းစွာ ကျင့်သူ၏ အဖြစ်ကို လည်းကောင်း။ အဘိထဝိတွာ- ချီးမွမ်းတော်မူ၍။ ဂါမာ- တစ်ရွာမှ၊ ဂါမံ- တစ်ရွာသို့၊ ပုရာ- တစ်မြို့မှ၊ ပုရံ၊ တစ်မြို့သို့။ ဝိစရိဿာမိ- လှည့်လည်ပါတော့အံ့။

၂။ နဂါ- တစ်တောင်မှ၊ နဂံ- တစ်တောင်သို့။

ဤဂါထာတော်များသည် ဘိလူးကြမ်းကြီး အာဠဝက ဗုဒ္ဓတရားတော် နာရ၍ အကျွတ်တရား ရသောအခါ ဗုဒ္ဓနှင့် ဗုဒ္ဓတရားတော်ကို အလွန်ကြည်ညိုပြီး သွားလာတိုင်း အမြဲရွတ်ဆိုသော ဂါထာ ဖြစ်၏။ တပ္ပုရာယန သရဏဂုံ-ဘုရား၊ တရား၊ သံဃာလျှင် အားကိုးရာ ရှိသူအဖြစ် ဆည်းကပ်ခြင်းပင်၊ သာတာဂိရိ နတ်မင်း၊ ဟေမဝတ နတ်မင်းတို့လည်း ရွတ်ဆိုကြ၏။

အမြဲတမ်းရွတ်ဆိုပါက ခရီးသွားလာရာ အခါတို့၌ ဘေးအန္တရာယ်တို့မှ လွတ်ကင်းခြင်း၊ ရောက်ရာ အရပ်တို့၌ မိတ်ဆွေကောင်းတို့နှင့် တွေ့ကြုံရခြင်း၊ နတ်ဘီလူးတို့ ချစ်ခင်နှစ်သက် ကြခြင်း၊ ကြည့်ရှုစောင့်ရှောက် ကြခြင်း စသော အကျိုးများကို ခံစားရ၏။ ကျေးဇူးရှင်မာန်လည်ဆရာတော် ဘုရားကြီး လက်သုံးအမြဲ ရွတ်ဆိုတော်မူလေ၏။

## မနောသိဒ္ဓိ မင်္ဂလာဂါထာတော်

ဥသဘံ ပဝရံ ဝီရံ၊
မဟေသိံ ဝိဇိတာဝိနံ။
သုဝဏ္ဏဝဏ္ဏံ သမ္ဗုဒ္ဓံ၊
ကော ဒိသွာ နပသီဒတိ။

ဥသဘံ–ဥသဘနွားမင်းကဲ့သို့ လူနတ်ဗြဟ္မာ သတ္တာတို့၏ ရှေ့ဆောင် လမ်းညွှန် ဖြစ်တော်မူသော၊ ပဝရံ–မြင့်မြတ်တော် မူထသော။ ဝီရံ–ကြီးမားသော လုံ့လရှိတော် မူထသော။ မဟေသိံ– သီလစသော ဂုဏ်ထူးတို့ကို ဆည်းပူးတော် မူပြီးထသော။ ဝိဇိတာဝိနံ– မာန်ငါးပါးကို အောင်မြင်တော်မူပြီးထသော၊ သုဝဏ္ဏဝဏ္ဏံ–ရွှေအဆင်းကဲ့သို့ အဆင်းရှိတော်မူထသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို ဒိသွာ–ဖူးမြင်ရသော်။ ကော–ဘယ်သူသည်။ နပသီဒတိ–မကြည်ညိုဘဲ ရှိပါမည်လဲ။

ဤကား မနောသိဒ္ဓိ မင်္ဂလာ ဂါထာတော်ပင်။ စိတ်အလိုရှိတိုင်း ပြီးစီး၍ မင်္ဂလာကျက်သရေ တိုးပွားစေ၏။ ဘုရားအာရုံပြု၍ ရွတ်ဖတ်ပါက ပီတိတွေ တိုးပွားကာ ချက်ချင်းပင် အကျိုးပေး၏။ အမြဲရွတ်ဖတ်ပါလေ။ အနည်းဆုံး အိပ်ရာဝင် အိပ်ရာထ၊ လုပ်ငန်းစတိုင်း တစ်ကြိမ်စီ ရွတ်ဆိုပေးပါ။

❂ ❂ ❂

## ရောဂါအန္တရာယ်ကင်းမန္တန်

၁။ သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
ယော လ္လမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။
၂။ သုပ္ပဋိပ္ပန္နောဝတဿ ဘဂဝတော သာဝကသံဃော၊
ယော လ္လမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပ္ပန္နော။
၃။ သု သုခံ ဝတ နိဗ္ဗာနံ၊ ယတ္ထ ဝေရူပံ ဒုက္ခံ နသံဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ သုခံ မေ ဟောတု သဗ္ဗဒါ။

ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ ဝေရူသ၊ ဤသို့ သဘောရှိသော။ ဣမသ္မဒုက္ခသ၊ ဤဆင်းရဲကို။ ပဟာနာယ၊ ပယ် ခြင်းငှာ။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူ၏။ သောဘဂဝါ၊ ထို ဟောသော မြတ်စွာဘုရားသည်။ သမ္မာသမ္ဗုဒ္ဓေါဝတ၊ သဗ္ဗညုတ ဉာဏ်တော်ဖြင့် ကောင်းစွာ ကိုယ်တော်တိုင် သိတော်မူပါပေ၏။

ယော သာဝကသံဃော၊ အကြင်တပည့် သံဃာတော်သည်။ ဝေ ရူပသ၊ ဤသို့ သဘောရှိသော။ ဣမသ္မဒုက္ခသ၊ ဤဆင်းရဲကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ပဋိပ္ပန္နော၊ ကျင့်တော်မူပါပေ၏။ အသ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ သော သာဝတ သံဃော၊ ထိုတပည့် သံဃာသည်။ သုပ္ပဋိပ္ပန္နောဝတ၊ ကောင်းစွာကျင့်တော်မူပါ။

ယတ္ထ–အကြင်နိဗ္ဗာန်၌။ ဝေရူပံ–ဤသို့ သဘောရှိသော၊ ဒုက္ခ– ဆင်းရဲသည်၊ နသံဝိဇ္ဇတိ– မရှိ၊ တံ– ထိုနိဗ္ဗာန်သည်၊ သု သုခံဝတ– အလွန် ချမ်းသာပါပေစွ တကား။

ဧတေန သစ္စဝဇ္ဇေန– ဤသစ္စာ စကားကြောင့်၊ မေ– ကျွန်ုပ်အား၊ သုခံ–ချမ်းသာခြင်းသည်၊ သဗ္ဗဒါ–အခါခပ်သိမ်း၊ ဟောတု–ဖြစ်ပါစေ သတည်း။

သုပ္ပဝါသာကား ရှင်သီဝလိ မယ်တော် ဖြစ်သည်။ ရှင်သီဝလိ ဖွားခါနီး ကြီးစွာသော ကိုယ်ဝန် ဒုက္ခ ခံစားနေရ၏။ နောက်ဆုံး– ဤသို့ ဘုရား– တရား– သံဃာ ဂုဏ်တော်ကို အာရုံပြု ပွားများ ရွတ်သဖြင့် ထိုဆင်းရဲမှ လွတ်မြောက်ကာ ချမ်းသာစွာ ဖွားမြင်ရလေသည်။

ထို့ကြောင့် ရောဂါဝေဒနာ ခံစားနေရသူတိုင်း ဤမန္တန်ကို အမြဲ ရွတ်ဆိုသင့်၏။ အထူးသဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတိုင်း ရွတ်ဆိုရပေမည်။ ရောဂါအန္တရာယ် အမျိုးမျိုးမှ လွတ်ကင်းချမ်းသာ ရလေသည်။

❂ ❂ ❂

## ပထဝီဇယ ဂါထာတော်

ပထဝိ ဗလသုန္ဒရိ၊
သဗ္ဗညူ ဗောဓိမဏ္ဍလေ။
အသင်္ချေယျံ မာရသေနံ၊
ဇယော ဇယတု မင်္ဂလံ။

ပထဝိဗလသုန္ဒရိ- မြေအပြင်ကဲ့သို့ ကာယ + ဉာဏ နှစ်ဝသော အားတော်ကို ကောင်းစွာ ဆောင်တော်မူထသော၊ သဗ္ဗညူ- သိရန်မှန်က မကျန်ရအောင် လုံးဝကုန်စင် အကုန်သိမြင်တော်မူသော မြတ်စွာဘုရား သည်။ ဗောဓိမဏ္ဍလေ- သဗ္ဗညုတ ဉာဏဂုဏ်ရောင် ထွန်းပြောင်ကြဲ့ခိုင် ဗောဓိမဏ္ဍိုင်၌။ အသင်္ချေယျံ-ဤရွေ့ဤမျှ ရေတွက်မရသော၊ မာရ သေနံ- ရေးရှူချဉ်းကပ် မာရ်စစ်တပ်ကို၊ ဇယော- ပါရမီတော် စက်- ပဉ်းလက်နက်ဖြင့် ဖြိုဖျက်အောင်မြင်တော် မူလေပြီ။ မေ- ကျွန်ုပ်အား၊ မင်္ဂလံ- အောင်သင့်ဖွယ်ရာ အောင်ရာအောင်ကြောင်း မင်္ဂလာအပေါင်း သည်။ ဇယတု-ရှင်တော်အလား သိဒ္ဓိပွားအောင် များများကြီး အောင်မြင် ပါစေသတည်း။

ဤဂါထာတော်ကို အနည်းဆုံး နံနက်(၃)ခေါက်၊ ညဉ့်(၃)ခေါက် အမြဲရွတ်ပါ။ အမှုကိစ္စ ရင်ဆိုင် နေရပါက ခြေစုံရပ်၊ ခုနစ်ခေါက် ရွတ်သွားရမည်။ ဂါထာ၏ အဓိပ္ပါယ်ကို ဆင်ခြင်၍ ဉာဏ်ရှိတိုင်း သုံးနိုင်သည်။

## စိန္တာမဏိ ဂါထာတော်

၁။ စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓရတနာနံ။
ကရံ ကရတိ သရဏံ၊

ခိပ္ပမေဝ သမိဇ္ဈတု။

၂။ စိန္တာမဏိ ရတနာနိ၊
ဓမ္မံ ဓမ္မရတနာနံ။
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။

၃။ စိန္တာမဏိ ရတနာနိ၊
သံဃံ သံဃရတနာနံ။
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ ရတနာနိ- ကြံစည်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုပြည့်နိုင်သော ရတနာတို့ ဟူသည်။ ဗုဒ္ဓံ-မြတ်စွာဘုရားပါတည်း။ ဗုဒ္ဓရတနာနံ-ဘုရားရတနာတို့ကို၊ သရဏံ-ဆည်းကပ်ခြင်းကို ကရံ -ပြုထိုက်သည်ဖြစ်၍၊ ကရတိ-ပြုသူ၌၊ ဣစ္ဆာ-လိုအင်ဆန္ဒ မှန်သမျှသည်၊ ခိပ္ပမေဝ-လျင်မြန်စွာသာလျှင်၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

စိန္တာမဏိ ရတနာနိ- ကြံစည်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုပြည့်နိုင်သော ရတနာတို့ ဟူသည်။ ဓမ္မံ- တရား ရတနာပါပေတည်း။ ဓမ္မရတနာနံ-တရားရတနာတို့ကို၊ သရဏံ-ကိုးကွယ် ဆည်းကပ်ခြင်းကို၊ ကရံ - ပြုသင့်သည် ဖြစ်၍၊ ကရတိ- ပြုသူ၌၊ ဣစ္ဆာ- လိုအင်ဆန္ဒဟူသမျှသည်၊ ခိပ္ပမေဝ- လျင်မြန်စွာသာလျှင်၊ သမိဇ္ဈတု- ကောင်းစွာကုံလုံပြည့်စုံပါစေသတည်း။

စိန္တာမဏိ ရတနာနိ- ကြံစည်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုပြည့်နိုင်သော ရတနာတို့ ဟူသည်။ သံဃံ- သံဃာတော် မြတ်ပါပေတည်း။ သံဃရတနာနံ-သံဃာရတနာတို့ကို၊ သရဏံ-ကိုးကွယ်မပြတ် ဆည်း

ကပ်မှုကို။ ကရံ - ပြုသင့်သည် ဖြစ်၍၊ ကရတိ- ပြုသူ၌၊ ဣစ္ဆာ-လိုအင်ဆန္ဒ မှန်သမျှသည်၊ ခိပ္ပမေဝ- လျင်မြန်စွာသာလျှင်၊ သမိဇ္ဈတု-ကောင်းစွာ ကုံလုံပြည့်စုံပါစေသတည်း။

ဤ ဂါထာတော်ကို နေ့စဉ်မပြတ် ရွတ်ဖတ် သရဇ္ဈာယ်ပါက အန္တရာယ်ကင်း၍ ကောင်းကျိုး မင်္ဂလာများ အလိုရှိတိုင်း ပြည့်စုံ၏။ သီဟိုဠ်ဘုရင် ဒုဋ္ဌဂါမဏိမင်း အမြဲရွတ်ဖတ် သရဇ္ဈာယ်သော ဟူ၏။

## မနောမယိဒ္ဓိ ဂါထာတော်

၁။ အနေကသတာ သမ္ဗုဒ္ဓါ၊
ဥပ္ပန္နာ ဘယနာသကာ။
မမံ သီသေ ပတိဋ္ဌန္တု၊
ရက္ခန္တု တေ မမံ သဒါ။

၂။ သုခါဝဟံ သတံ ဓမ္မာ၊
တိဋ္ဌန္တု ဟဒယေ မမ။
အမေ့ဓတေ ပါလယန္တု၊
သုခံ ဒေန္တု မမံ သဒါ။

၃။ သမ္ဗုဒ္ဓါနံ အရဟန္တာ၊
တေဇဝန္တော တတော တတော။
တေ မံ အံသေ ပတိဋ္ဌန္တု၊
ပါလယန္တု မမံ သဒါ။ ။

၁။ အနေကသတာ၊ ရာထောင်သိန်းသန်း ဂဏန်းသချာ ဆင့်ကာ ပွားကက် ရေတွက်မရ များပြားလှကုန်သော။ ဘယနာသကာ၊ ဘေးရန်

အပေါင်း မကောင်းအနိဋ္ဌ ဟူသမျှကို မြုမြုမကျန် တွန်းလှန်ပယ်သတ် ဖျက်ဆီးတော် မူတတ်ကုန်သော။ သမ္ဗုဒ္ဓါ၊ လောကဓာတ် အားလုံး ပဏ္ဏာကျုံး သဖြင့် အထွတ်ဆုံးအမြတ်ဆုံး ဘုန်းတော်သခင် ဘုရားရှင် တို့သည် ဥပ္ပန္နာ၊ ထီးဖြူ ရှစ်ဆင့် စွင့်ကာ ပွင့်လျက် ပွင့်တော်မူကြ လေကုန်ပြီ။ တော၊ ထိုဘုန်းတော်သခင် ဘုရားရှင်တို့သည်။ မမ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါ၌။ ပတိဋ္ဌန္တု၊ အပရာဇိတပလ္လင် ကဲ့အသွင်သို့ ကြည်ရွှင်စံပယ် တင့်တယ်ဖွံ့ခွေ တည် နေတော် မူကြပါစေကုန်သတည်း။ တော၊ ထိုဘုန်းတော်သခင် ဘုရားရှင် တို့သည်။ မမံ၊ အဓိဋ္ဌာန်ချက် စိတ်မပျက်ဘဲ နှစ်သက်အားထုတ် အကျွန်ုပ်ကို။ ရက္ခန္တု၊ အန္တရာယ်ဘေး ကင်းစင်ဝေး၍ ကြည်အေးချမ်းသာ ဖြာဖြာသိဒ္ဓိ စုံပြည့်ထမြောက် ဆုံးခန်းရောက်အောင် စောင့်ရှောက်တော် မူကြပါစေကုန်သတည်း။

၂။ သုခါဝဟံ၊ ချမ်းသာ ကောင်းကျိုး အမျိုးမျိုးကို တိုးတက် ပွားအောင် ရွက်ဆောင်တော် မူကြကုန်သော။ သတံ၊ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းတို့၏။ ဓမ္မာ၊ ကိုးပါး ဆယ်ပါး ကျယ်ပွားများမြောင် လေးထောင်လွှန်ဆောင်း ရှစ်သောင်းအကျော် တရား တော်တို့သည်။ မမ၊ တရားစိတ်သန် အဓိဋ္ဌာန်ဖြင့် ရက်မှန်အားထုတ် အကျွန်ုပ်၏။ ဟဒယေ၊ မနောဝိညာဉ် စိတ်အစဉ်၏ တည်ရာသတ်မှတ် နှလုံးဓာတ်၌။ တိဋ္ဌန္တု၊ ဓမ္မာသနပလ္လင်ကဲ့ အသွင်သို့ အစဉ်နိစ္စ တည် နေတော် မူကြပါစေကုန်သတည်း။ တော၊ ထွန်းပြောင်ထိန်လတ် အမြတ် အကျော် ထိုတရားတော်တို့သည်။ အမေ့–ကျွန်ုပ်တို့ကို (ဝါ) ဂတိဝိသုဒ် သမုတ်သညာ တေဇာပြန့်ပွား အသင်းသူအသင်းသားတို့ကို။ ပါလယန္တု– ဘေးအတန်တန့်ရန်အမျိုးမျိုး ကပ်ဆိုးကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ သဒါ–နေ့ညဉ့်မခြား အခါ ခပ်သိမ်း၊ သုခံ– လောကီလောကုတ္တရာ ချမ်းသာကောင်းကျိုး အမျိုးမျိုးကို၊

ဒေန္တု- အလျှင်မနှေး ပေးသနားတော် မူကြပါစေကုန်သတည်း။

၃။ တေဇဝန္တော- ကောင်းကင်တိမ်ယံ ဈာန်မြေပျံလျှိုး ကြီးမားသော ဘုန်းတန်ခိုးရှိကြကုန်သော၊ သမ္ဗုဒ္ဓါနံ-ဘုန်းတော်သခင် ဘုရားရှင်တို့၏။ ပုတ္တာ- ရွှေရင်တော် နှစ်သားတော်စစ် ဖြစ်ကြကုန်သော။ အရဟန္တာ-ရဟန္တာသခင် အရှင်မွန်တို့သည်။ တတောတတော- ထိုထိုဒိသာ ရပ်မျက်နှာတို့၌၊ သန္တိ- ထင်ရှားအစုံ ရှိတော်မူကြကုန်၏။ တေ-ထိုရဟန္တာသခင် အရှင်မွန်တို့သည်။ မမ-အဓိဋ္ဌာန်ဖြင့် မြဲမြဲအားထုတ် အကျွန်ုပ်၏။ အံသေ-ဝဲယာနှစ်ဖက် ပခုံးထက်၌။ ပတိဋ္ဌန္တု-ကျောင်းတော် အသွင် မြဲမှတ်ထင်၍ ကြည်လင်သပ္ပာယ် တင့်တယ်စံပျော်တည်နေတော် မူကြပါစေကုန်သတည်း။ တေ-ထိုဘုရားသားစစ် ရှစ်အရိယာသံဃာတော်အပေါင်း သူတော်ကောင်းတို့သည်။ မမံ- အဓိဋ္ဌာန်ဖြင့် မြဲမြဲအားထုတ် အကျွန်ုပ်ကို။ သဒါ၊ နေ့ရော ညဉ့်ပါ အခါခပ်သိမ်း။ ပါလယန္တု- အရာရာ ကောင်းကျိုးသဒ္ဒါ ဖြိုးမောက် ဖက်ကမ်းရောက်အောင် စောင့်ရှောက်တော် မူကြပါစေကုန် သတည်း။

ဤဂါထာတော်ကား စိတ်လိုတိုင်း ပြီးစီးသောကြောင့် မနောမယိဒ္ဓိဟု ခေါ်သည်။ သာလွန်မင်းတရားကြီး၏ ဆရာတော် သာသနာပိုင် သံဃရာဇာ ဖြစ်တော်မူသော တောင်ဖီလာ ဆရာတော် ဘုရားကြီးသည် နေထွက်, မွန်းတည့် နေဝင်ချိန်တို့၌ အမြဲရွတ်ဖတ်တော် မူသော ဂါထာတို့ ဖြစ်၏။ အထူးသဖြင့် ဘေးအန္တရာယ် ကင်းရှင်းလေသည်။

✿ ✿ ✿

## ထွက်ခေါင်ဆရာတော်ဘုရားကြီး၏ ရန်အောင်မြင် ဂါထာတော်

၁။ ဗုဒ္ဓေါမေ ရက္ခတု နိစ္စံ၊
ဓမ္မော မေ ရက္ခတု သဒါ။
သံဃော မေ ရက္ခတု ဒိနေ၊

သုခံ ဒီဃာယုကော ဘဝ။

၂။ မာရာဥ္ဘာဝက နာဠာဂိုြ၊

အင်္ဂုလိ စိဠ သစ္စကံ။

နန္ဒောပနန္ဒ ဗြဟ္မဥ္ဆ၊

ဇယော ဇယတု မင်္ဂလံ။

ဗုဒ္ဓေါ- ဘုန်းတော်သခင် ဘုရားရှင်သည်။ မေ- အကျွန်ုပ်အား၊ နိစ္စံ-အမြဲမပြတ်။ ရက္ခတု-ဘေးရန် ငြိမ်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော် မူပါစေသတည်း။

ဓမ္မော- ၉-ပါး ၁၀-ပါး မြတ်တရားသည်။ မေ- အကျွန်ုပ်အား၊ သဒါ-အခါခပ်သိမ်း၊ ရက္ခတု- စိတ်ဓာတ်အစဉ် ကြည်လင်သန့်ရှင်း အလင်းပေါက်ရောက် ဝင်းဝင်းတောက်အောင် စောင့်ရှောက်တော်မူပါစေသတည်း။

သံဃော- ကလျာဏ ပုထုဇဉ် ရှစ်တန် အရိယာ မြတ်သံဃာသည်။ မေ-အကျွန်ုပ်အား။ ဒိနေဒိနေ- နေ့တိုင်းနေ့တိုင်း၊ ရက္ခတု-ဥပဒ်ဘေး ဒဏ် ရန်မာန်ခပ်သိမ်း ကင်းငြိမ်းလွှင့်ပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော် မူပါစေသတည်း။

မေ- အကျွန်ုပ်အား၊ သုခံ- ချမ်းသာခြင်း ရှိသည်။ ဒီဃာယုကော- အသက်ရှည်ခြင်း ရှိသည်။ ဘဝတု- ဖြစ်ပါစေသတည်း။

၂။ မုနိန္ဒော- မုနိငါးမျိုး အစိုးရလစ် မုနိန္ဒရာဇ် ဖြစ်ကြီးဖြစ်တော်မူသော ဘုရားရှင်သည်။ မာရာဥ္ဘာဝက နာဠာဂိုြဥ္ဆ- တစ်ထောင်လက်ရုံး နတ်စက်ဖုံးဖြင့် ပျက်ပြုန်းအောင်ပင် ဂိရိဆင်ကိုစီးနင်တိုက်ဖျက် မာရ်ရဲမက်နှင့် ထို့ထက်ကဲလွန် ထူးချွန်လက်နက်ကြောက်မက်စဖွယ် အစွယ် ပြူးပြူး ဘီလူးအာဠာဝက နတ်ယက္ခစိုး မိုးကြိုးပမာ လွန်စွာခက်ထန် အရက်မာန်ဖြင့် လျင်မြန်လိုက်လတ် ဖမ်းသက်ချေပစ် မုန်ယစ်လွန်ကြီး မင်းစီးခေါ်တွင် နာဠာဂိရိဆင်ကို လည်းကောင်း၊ အင်္ဂုလိဥ္ဆ- တွေ့ရာ

ဖမ်းသတ် လက်ညှိုးဖြတ်၍ တောရပ်ခိုပုန်း တောပုန်းစားပြ အင်္ဂုလိမာလကို လည်းကောင်း၊ စိဉ္စ သစ္စ ကဋ္ဌ- ပလိန်းဥဏ်ဆင် ပြစ်တင်စွပ်စွဲ သားမဲ့စိဉ္စ မာဏဝိကနှင့် ဝါဒများပြောင် တစ်ထောင်အယူ တံခွန်ထူ၍ မာန်မူတိုက်စစ် သစ္စကပရိဗိုဇ်ကိုလည်းကောင်း၊ နန္ဒော ပနန္ဒ ဗြဟ္မဥ္ဆ- အဆိပ်ပြင်းထန် နန္ဒော ပနန္ဒ ဘုဇဂနှင့် အာဘဿရ ဘုံဗြာနက ထာဝရယူသီး ဗကဗြဟ္မာကြီးကို လည်းကောင်း။ ဇယောယထာ- တရားစည်ကြီး ရိုက်ဆော်တီးလျက် အောင်ခြင်းကြီးအောင်တော်မူခဲ့ သကဲ့သို့၊ တထာ- ထို့အတူ။ မေ- အကျွန့်ပ်အား၊ မင်္ဂလံ- အောင်ဖွယ်ထွေလာ အောင်ရာ အောင်ကြောင်း အောင်မင်္ဂလာ အပေါင်းသည်။ ဇယတု၊ အောင်မြင်ပြီးစီး အောင်ခြင်းကြီး အောင်ပါစေသော်။

ထွတ်ခေါင် ဆရာတော် ဘုရားကြီး ရွတ်ဖတ်သရဇ္ဈာတ်တော်မူသော ဂါထာတော်ကြီး ဖြစ်၏။ ဘုရား-တရား-သံဃာအား၊ တပည့်တော်ကို အမြဲစောင့်ရှောက်တော် မူပါ၊ တပည့်တော်- ချမ်းသာသက်ရှည်လိုပါ၏။ မာရ်နတ်စတဲ့ အပြင်အောင်ခြင်းရှစ်ပါးကို အောင်မြင်တော်မူသလို တပည့်တော်အောင်မြင်လိုပါ၏ဟု ဆုတောင်းဖြစ်၏။ အနက်မရသော်လည်း ဂါထာပင် အမျိုးများလှပြီ။ တွေ့ဖူးသူတွေ များလှ၏။ ပါဠိကျက်၍ ရွတ်ကြပါလေ။

❂ ❂ ❂

## သဗ္ဗသိဒ္ဓိ ဂါထာတော်

၁။ သဗ္ဗေ ဒေဝါစ ယက္ခာစ၊
ဘူတာ ပေတာစ ဇောဂနီ။
ရာဇမတ္တာ မနုဿာစ၊
သဗ္ဗေ ဒေဝါ ဝိနာမေန္တု။

၂။ ဒိဿာဝ ပိယတော စိတ္တံ၊
ပုတ္တောဝ သိနေဟံ မမ။

ဗုဒ္ဓသ အာနုဘာဝေန၊
သဒါ ဟောန္တု ပိယာ မမ။ ။

သဗ္ဗေ- ခပ်သိမ်းကုန်သော၊ ဒေဝါစ- နတ်တို့သည် လည်းကောင်း၊ ယက္ခာစ- ဘီလူးတို့သည် လည်းကောင်း၊ ဘူတာပေတာစ- ဖုတ်, ပြိတ္တာတို့သည် လည်းကောင်း၊ ဇောဂနီ- စုန်းကြမ်း ကဝေ ထွေထွေ တည်တည် ဇော်ဂနီတို့သည် လည်းကောင်း။ ရာဇမတ္တာစ- မင်း, မင်း အမတ်တို့သည် လည်းကောင်း၊ မနုဿာစ- လူတို့သည် လည်းကောင်း၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ဒေဝါစ-နတ်တို့သည်လည်းကောင်း၊ မမ- ကျွန်ုပ်ထံသို့၊ ဝိနာမေန္တု- ညွတ်ကြစေကုန်သတည်း။

တေသံ-ပုဂ္ဂိုလ်တို့၏၊ စိတ္တံ-စိတ်သည်၊ ပိယတော- ချစ်သော အားဖြင့်၊ ဒိသွာဝ- ကြည့်၍သာလျှင်၊ မမ- ကျွန်ုပ်အား၊ ပုတ္တောဝ- သားကဲ့သို့၊ သိနေဟံ-ချစ်ခြင်းကို၊ ကရောန္တု- ပြုကြပါစေ။ ဗုဒ္ဓဿ- သဗ္ဗညုသိမြင် ဘုရားရှင်၏၊ အာနုဘာဝေန- တန်ခိုးရှိန်စော် အာနုဘော်ဖြင့်၊ မမ- ကျွန်ုပ်အား၊ သဒါ- အခါခပ်သိမ်း၊ ပိယာ- ချစ်မြတ်နိုးကြသည်၊ ဟောန္တု- ဖြစ်ကြပါစေကုန်သတည်း။

❂ ❂ ❂

## အောင်တော်မူ ဂါထာတော်

ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။

သကျာနံ- သာကီမျိုးနွယ် တန်ခိုးကြွယ်ကြ ကုန်သော သူတို့၏၊ နန္ဒိဝဍ္ဎနော- စိတ်နှလုံးကို ရွှင်ပြုံးစေတတ် ဘုရားမြတ်သည်။ ဗောဓိယာ-

သဗ္ဗညုတ ဉာဏာဂုဏ်ရောင် ထွန်းပြောင်ရာရှိ ပင်ဗောဓိ၏။ မူလေ- နဝရတ်ကိုးသွယ် ဖြိုးကြွယ်ရောင်လျှမ်း လောင်ခမန်း ဝင်းထိန်၍ နဝင်းအိမ် စက်ပန်းနှင့် တက်လှန်းစံတော် မူနေရာ အပရာဇိတ ပလ္လင်မ၏ တည်ရာမယွင်း ပင်မြေခြရင်း၌၊ ဇယန္တောဃထာ-ငါးပါးမာန်ခြွေ အောင် မြင်တော် မူလေသကဲ့သို့၊ ဧဝမေဝ- ပမာထားယူအလားတူ သာလျှင်၊ ဇယော- ကောင်းမြတ်ယှဉ်ရာ အောင်ခြင်း မင်္ဂလာသည်၊ ဟောတု- အောင်သံလစ်ခြွေ ဖြစ်ပါစေသတည်း။

ဇယမင်္ဂလေ- ဘေးရန်ရှောင်ကွင်း အောင်ခြင်းယှဉ်ရာ မင်္ဂလာ၌၊ ဇယဿု-ကျက်သရေမျိုး နေ့စဉ်တိုး၍ ကောင်းကျိုးဖြာဝေ အောင်မြင် တော် မူစေသတည်း။

ဤဂါထာကို နေ့စဉ် ရွတ်ဆိုပါက ကြံသမျှ အောင်၍ လုပ်သမျှ ပြီးစီးလေသည်။ ကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံ၍ စီးပွား လာဘ်လာဘ ဖွံ့ဖြိုး၏။ ရာထူးဂုဏ်ရှိန် တက်သည်။ အနည်းဆုံး နေထွက် ၃-ခေါက်၊ နေဝင် ၃-ခေါက် ရွတ်ဆိုပေးပါ။

## ဗြဟ္မာ နတ် နဂါး ဂဠုန်တို့၏
## ဗုဒ္ဓါဘိသေက ဂါထာတော်ကြီး

(က) ဇယောဟိ ဗုဒ္ဓဿ သိရိမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါဗြဟ္မဂဏာ မဟေသိနော။

(ခ) ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။

ဥဠ္ဌေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။

(ဂ) ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဠ္ဌေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ နာဂဂဏာ မဟေသိနော။

(ဃ) ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဠ္ဌေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ သုပဏ္ဏဂဏာ မဟေသိနော။

က။ အယံ– ဤအောင်ပွဲသည်။ သိရီမတော– ဘုန်းကျက်သရေပြည့်စုံတော် မူပေသော၊ ဗုဒ္ဓဿ–မြတ်စွာဘုရား၏။ ဇယော– အောင်ပွဲတည်း။

ပါပိမတော– ယုတ်မာသမျှ ထူးချွန်လှသဖြင့် သူယုတ်မာဘွဲ့ ရသော၊ မာဿရစ– မာရ်နတ်မင်းကိုလည်း၊ ပရာဇယော– ရှုံးစေအပ်ပြီ။

တဒါ– ထိုအောင်ပွဲ အခါ၌။ ဗောဓိမဏ္ဍေ– ဗောဓိမဏ္ဍိုင်၌၊ ပမောဒိတာ– ဝမ်းမြောက်ကြကုန်သော၊ ဗြဟ္မဂဏာ– ဗြဟ္မာအပေါင်းတို့သည်၊ မဟေသိနော–မြတ်စွာဘုရား၏၊ ဇယံ– အောင်မြင်မှုအပေါင်းကို၊ ဥဠ္ဌေါသယုံ– အားပေးကြွေးကြော် ကြကုန်ပြီ။ ။

ခ။ ဒေဝဂဏာ– နတ် အပေါင်းတို့သည်။

ဂ။ နာဂဂဏာ– နဂါး အပေါင်းတို့သည်။

ဃ။ သုပဏ္ဏဂဏာ– ဂဠုန် အပေါင်းတို့သည်။

(ကျန်တာ ရှေ့နှင့် တူပြီ။)

ဘုရားဖြစ်တော်မူခါနီး ဗောဓိမဏ္ဍိုင်၌ မာရ်နတ်ကို အောင်မြင်ချိန် ဗြဟ္မာ–နတ်–ဂဠုန် နဂါးတို့သည် ဝမ်းမြောက်လွန်းသဖြင့် ကောင်းချီးပေးကြသည်။ ထိုပွဲ၌ ဘုရားကို အာရုံပြု၍ တက်တက်ကြွကြွ ရွတ်ပါ၊ အကြံအစည် ဟူသမျှ ပြီးမြောက် အောင်မြင်မည်။ စီးပွားကျက်သရေ တိုးတက်ဖွံ့ဖြိုးမည်။ နံနက်ချိန်တွင် လေးလေးနက်နက် ရွတ်ဖတ်ပါ။ အနည်းဆုံး ၃–ခေါက် ရွတ်ပါလေ။

❂ ❂ ❂

## အတွင်းစည်းချ ဂါထာတော်

၁။ သိရသ္မိံ (မေ) ဇိနော တိဋ္ဌော၊
သာရိပုတ္တော စ ဒက္ခိဏေ။
ဝါမအံသေ မောဂ္ဂလာနော၊
ပုရတော ပိဋကတ္တယံ။

၂။ ပစ္ဆိမေ မမ အာနန္ဒော၊
စတုဒ္ဒိသာ ခိဏာသဝါ၊
သမန္တာ လောကပါလာ စ၊
ကလျာဏ ဒေဝါ သဗြဟ္မကာ။

၃။ ဧတေသံ အာနုဘာဝေန၊
သဗ္ဗေ ဘယဥပဒ္ဒဝါ။
အနေကာ အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

၁။ ဇိနော– ဘုရားမြတ်သည်၊ မေ– တပည့်တော် (မ)၏၊ သိရသ္မိံ– ဦးခေါင်းထက်၌၊ တိဋ္ဌတု– ရှင်ပျော်နှလုံး သီတင်းသုံးတော်မူပါစေသတည်း။

သာရိပုတ္တောစ– အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည်လည်း၊ မေ– တပည့်တော်၏၊ ဒက္ခိဏေ–ညာဘက်ပခုံး၌၊ တိဋ္ဌတု– ရပ်တည် သီတင်းသုံးတော် မူပါစေသတည်း။

မောဂ္ဂလာနော– အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးသည်၊ မေ– တပည့်တော်၏၊ ဝါမအံသေ– လက်ဝဲပခုံးထက်၌၊ တိဋ္ဌတု– ရပ်တည် သီတင်းသုံးတော် မူပါစေသတည်း။

ပိဋကတ္တယံ– ပိဋက သုံးတန် ဓမ္မက္ခန်သည်။ မေ– တပည့်တော်၏၊ ပုရတော– မျက်နှာမူလတ် အရှေ့အရပ်၌၊ တိဋ္ဌတု– စံပယ်ကိန်းဝပ် ရပ်တည်နေပါစေ သတည်း။

၂။ အာနန္ဒော– အရှင်အာနန္ဒာ မထေရ်မြတ်ကြီးသည်၊ မေ– တပည့်တော်၏၊ ပစ္ဆိမေ– မျက်နှာကွယ်ထား နောက်ရပ်ပါး၌၊ တိဋ္ဌတု– ရပ်တည် သီတင်းသုံးတော် မူပါစေသား။

ခီဏာသဝါ– ရဟန္တာ အရှင်မြတ်ကြီးတို့သည်၊ မမ– တပည့် တော်၏၊ စတုဒ္ဒိသာ–ခန္ဓာတည်ရာ အရပ်လေးမျက်နှာတို့၌၊ တိဋ္ဌန္တု– ရပ်တည်နေကြပါစေသား။

သဗ္ဗဗြဟ္မကာ– ဗြဟ္မာအပေါင်းတို့နှင့်တကွ ဖြစ်ကုန်သော၊ ဠက္ခာ ဒေဝါစ–သိကြားနတ်အပေါင်းတို့သည်လည်းကောင်း၊ လောကပါလာစ– လောကစောင့်ကြပ် နတ်မြတ် အပေါင်းတို့သည် လည်းကောင်း၊ မမ– ကျွန်ုပ်၏၊ သမန္တာ–ထက်ဝန်းကျင်ဝယ် ပတ်ပတ်လည်တို့၌၊ တိဋ္ဌန္တု– နှလုံးရွှင်ပျ ရပ်တည်နေကြပါစေသော။

၃။ တေသံ– ထိုရတနာ ၃–ပါး နတ်သိကြားဗြဟ္မာ အပေါင်းတို့၏၊ အာနုဘာဝေန– ရှိန်ဝါတန်ခိုး စွမ်းရည်အမျိုးမျိုးကြောင့်၊ သဗ္ဗေ– ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ ဘယဥပဒ္ဒဝါ– ဘေးဥပဒ် တို့သည် လည်းကောင်း၊ အနေကာ– တစ်ပါးမက များလှကုန်သော၊

အန္တရာယာပိ– ကပ်အန္တရာယ် အသွယ်သွယ်တို့သည် လည်းကောင်း။ အသေသဘော– ကြွင်းကျန်မရှိ ပကတိအားဖြင့်၊ ဝိနဿန္တု– ပိန်းကြာဖက်တွင် ရေမတင်သို့ ကင်းစင်လွင့်ပျောက် ကြပါစေကုန် သတည်း။

ဤဂါထာတော်ကြီးကို သူ တစ်ပါးအတွက်၊ သို့မဟုတ် လူမမာအတွက် ရွတ်ဆိုလျှင် (မေ)ကို (တေ)၊ (မမ)ကို (တဝ)ဟု ပြင်ရွတ်ပါ။ (တေ–သင်၏) (တဝ–သင်၏)။

ရတနာသုံးပါး နတ်ဗြဟ္မာများကို ယုံကြည်စိတ်ထားဖြင့် ဂုဏ်တော်ပွားကာ ရွတ်ဆိုပါက ချက်ချင်းပင် စိတ်စွမ်းအင်တက်လာ၏။ ကိစ္စအမျိုးမျိုး ဆောင်ရွက်က ပြီးစီး၏။ မကျန်းမာချိန် ရွတ်က လူမမာပင် ချက်ချင်း ရောဂါမှ သက်သာနိုင်၏။

ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိ စသော သိဒ္ဓိအမျိုးမျိုးတို့ အတွက် ရှေးဆရာတို့ သုံးစွဲကြ၏။ ဤဂါထာဖြင့် အတွင်းစည်းချကြလေသည်။

## အရပ်လေးမျက်နှာ စည်းချဂါထာ

၁။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ
သန္တိ ဘူတာ မဟိဒ္ဓိကာ၊
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။

၂။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ
သန္တိ ဒေဝါ မဟိဒ္ဓိကာ၊
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။

၃။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ
သန္တိ နာဂါ မဟိဒ္ဓိကာ၊

တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။
၄။ ဥတ္တရသ္မိံ ဒိသာဘာဂေ
သန္တ ယက္ခာ မဟိဒ္ဓိကာ၊
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။

၁။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ ရွှေ, ငွေ, မြဖန်လေးတန် အရောင် ထွန်းလင်းပြောင်သည့် တောင်မေရုမြတ် အရှေ့အရပ်၌၊ မဟိဒ္ဓိကာ တန်ခိုးအာဏာ ဘုန်းသမိဒ်နှင့် များစွာ အံ့ချီးလောက်အောင် ကြီးမားသော ဘုန်းတန်ခိုး ရှိကြကုန်သော၊ ဘူတာ-နတ်ဂန္ဓဗ္ဗ ဟူသမျှတို့၏ စိုးရိုင်နင်း ဓတရဋ္ဌ နတ်မင်းကြီးနှင့် တကွ ဂန္ဓဗ္ဗနွယ်ဖွား နတ်ကောင်းများတို့ သည်။ သန္တိ-ထင်ရှားမသွေ ရှိကြလေ၏။ တေပိ-ထိုဂန္ဓဗ္ဗနွယ်ဖွား နတ်သူတော်များ တို့သည်လည်း အမှေ- ကျွန်ုပ်တို့ကို အရောဂေနစ -ဇဗြဖြာ ဘေးရောဂါတို့ ဆန်လွှာမြူချမ်းမှု မကပ်ငြိကြ ပါစေခြင်းဌာ လည်းကောင်း၊ သုခေနစ-ကိုယ်စိတ်နှစ်ဖြာ ပူစာလွတ်ကင်း ချမ်းသာ စေခြင်းဖြင့် လည်းကောင်း၊ အနုရက္ခန္တု-ရွှေရင်နှစ်သား ကဲ့အလားသို့ မခြားထပ်တူ နှလုံးမူလျက် ကြည်ဖြူနေ့ည နိစ္စမကွာ ကောင်းစွာ စောင့်ရှောက် တော်မူကြပါ စေသတည်း။

၂။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ- ရွှေ, ငွေ, မြ, ဖန်လေးတန် အရောင်ထွန်းလင်းပြောင်သည့် တောင်မေရု မြတ်တောင် မျက်နှာအရပ်၌ ဒေဝါ လက်ရုံးအာဏာ ဘုန်းသမ္ဘာနှင့် များစွာ အံ့ချီး လောက်အောင် ကြီးမားသော ဘုန်းတန်ခိုး ရှိကြပေကုန်သော၊ ဒေဝါ-နတ်ကုမ္ဘဏ္ဍာ ဟူသမျှတို့၏ စိုးရိုင်နင်း ဝိရုဠ္ဍကနတ်မင်းကြီးနှင့် တကွ ကုမ္ဘဏ္ဍာနွယ်ဖွား နတ်သူတော်များတို့သည်။

၃။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ ရွှေ, ငွေ, မြ, ဖန် လေးတန် အရောင်

ထွန်းလင်းပြောင်သည့် တောင်မေရု မြတ် အနောက်မျက်နှာ အရပ်၌၊ နာဂါ၊ နတ်နဂါး ဟူသမျှတို့၏ စိုးရပိုင်နင်း ဝိရူပက္ခ နတ်မင်းကြီးနှင့် တကွ နဂါးနွယ်ဖွား နတ်သူတော် များတို့သည်။

၄။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊ ရွှေ, ငွေ, မြ, ဖန်, လေးတန် အရောင် ထွန်းလင်းပြောင်သည့် တောင်မေရုမြတ် မြောက်မျက်နှာ အရပ်၌၊ ယက္ခာ၊ နတ်ဘီလူး ဟူသမျှတို့၏ စိုးရပိုင်နင်း ကုဝေရ နတ်မင်းကြီးနှင့် တကွ ဘီလူးနွယ်ဖွား နတ်သူတော်များတို့သည်။ (ကျန် ပါဠိအနက် တူပြီ။)

အချို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် အရပ်မျိုးစုံ တို့၌ အမျိုးမျိုးသောအကြောင်းကြောင့် လှုပ်ရှားနေကြရ၏။ ထိုအခါ သာသနာ မကြည်ညိုသော နတ်မိစ္ဆာတို့က အမျိုးမျိုး နှောင့်ယှက် ဖျက်ဆီးကြသည်။ ခြောက်လှန့်ကြ၏။ ဒီအခါမျိုးမှာ အရံအတား လိုအပ်လာ လေပြီ။ ယုံကြည် စိတ်ထားဖြင့် ရွတ်ပါ။ တစ်နေ့ ၃-ခေါက်စီ။ မည်သူမျှ မနှောင့်ယှက် မဖျက်ဆီးနိုင်ပါ။ သမ္မာဒေဝ နတ်များ တိုင်တည်ထားသဖြင့် လုံခြုံမှုရရှိလေပြီ။ အမြဲရွတ်ဖတ်ပါက စည်းစိမ်ဥစ္စာဖွံ့ဖြိုးကာ ရာထူး ဌာနန္တရ တိုးတက်၏။

ပထမ ဂါထာကို အရှေ့မျက်နှာ အာရုံပြု ရွတ်ပါ။ ဒုတိယကို တောင်အရပ်၊ တတိယကို အနောက်၊ စတုတ္ထကို မြောက်အရပ် အာရုံပြုပါ။ ပြီးက ပထမ ဂါထာကို ပြန်ရွတ်ပါ။ သို့မှ စည်းလုံသည်။ ပြန်မရွတ်ပါက စည်းမလုံ၊ ကျိုးပေါက်နေလေပြီ။

## အရပ် '၈'မျက်နှာ စည်းချဂါထာ

၁။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံဗလံ။

အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၂။ သဗ္ဗေ ဗုဒ္ဓါ ခေမပ္ပတ္တာ
ပစ္စေကာနဉ္စ ယော ခေမော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၃။ သဗ္ဗေ ဗုဒ္ဓါ ဓိနပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော ဓိနော
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၄။ သဗ္ဗေ ဗုဒ္ဓါ လာဘပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော လာဘော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၅။ သဗ္ဗေ ဗုဒ္ဓါ တေဇပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော တေဇော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၆။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ
ပစ္စေကာနဉ္စ ယံ ဗလံ
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၇။ သဗ္ဗေ ဗုဒ္ဓါ ယသပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော ယသော။
အရဟန္တာနဉ္စ တေဇေန၊

ရက္ခံဗန္ဒာမိ သဗ္ဗသော။

၈။ သဗ္ဗေ ဗုဒ္ဓါ သိရိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာသိရီ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဒာမိ သဗ္ဗသော။

၁။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဣဒ္ဓိပ္ပတ္တာ၊ ဆန္ဒ-ဝီရိယ၊ စိတ်-ပညာတို့၏ ပြီးပြည့်စုံခြင်းသို့ ရောက်တော် မူကြလေပြီ။ ယာဣဒ္ဓိ၊ အကြင် ဣဒ္ဓိသည်။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါ ရှင်တော်တို့အား လည်းကောင်း၊ အရဟန္တာနဉ္စ၊ အာသဝေါ ကင်းကွာ ရဟန္တာ အရှင်မြတ်တို့အား လည်းကောင်း။ အတ္ထိ၊ ရှိပါ ပေ၏။ တာသံဣဒ္ဓိနံ၊ ထိုဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့ ပိုင်သော ဣဒ္ဓိတော်တို့၏။ တေဇေန၊ ထက်မြက်ခွန်အား စွမ်းပကားဖြင့်။ သဗ္ဗဒါ၊ အခါခါသိမ်း၊ အာရက္ခံ၊ အစောင့်အရှောက်ကို၊ ဗန္ဒာမိ၊ သံကွန်ချာအလား ဖွဲ့နှောင်ထားပါ၏။

ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့အား ဣဒ္ဓိပါဒ် ရှိတော် မူကြ၏။ ထိုဣဒ္ဓိပါဒ်၏ စွမ်းရည်ဖြင့် မိမိကိုယ်ကို သံကွန်ချာ သဖွယ် နှောင်ဖွဲ့ ထားသည်။ ဥပဒ်အန္တရာယ် မဝင်ရောက်နိုင်။

၂။ သဗ္ဗေ၊ ကုန်သော၊ ဗုဒ္ဓါ၊ တို့သည်၊ ခေမပတ္တာ၊ ဘေးရန် ခပ်သိမ်း၊ ကင်းငြိမ်းခြင်းသို့ ရောက်တော် မူကြလေပြီ။ ယောခေမော၊ အကြင်ဘေးရန် ခပ်သိမ်း ငြိမ်းအေးခြင်း သဘောသည်။ ပစ္စေက ဗုဒ္ဓါ နဉ္စ၊ တို့အား လည်းကောင်း၊ အရဟန္တာနဉ္စ၊ တို့အားလည်းကောင်း၊ အတ္ထိ၊ ၏ တေသံ ခေမာနံ၊ ထိုဘုရား-ပစ္စေက ဗုဒ္ဓါ-ရဟန္တာ အရှင် မြတ်တို့ ပိုင်ဆိုင်သော ငြိမ်းအေးခြင်း သဘောတို့၏ တေဇေန၊ ဖြင့်။ သဗ္ဗဒါ၊ သိမ်း။ အာရက္ခံ၊ ကို။ ဗန္ဒာမိ၏။

၃။ သဗ္ဗေ၊ ကုန်သော၊ ဗုဒ္ဓါ၊ တို့သည်၊ ဓိနပ္ပတ္တာ၊ မာရ်ငါးပါးကို

အောင်မြင်ခြင်း အဆင့်သို့ ရောက်တော်မူကြ လေပြီ။ ယောဇိနော စ၊ အကြင် အောင်မြင်ခြင်းသဘောသည်လည်း။ ပစ္စေက ဗုဒ္ဓါနဉ္စ၊ တို့အား လည်းကောင်း။ အရဟန္တာဘဉ္စ၊ တို့အား လည်းကောင်း။ အတ္ထိ၊ ၏။ တေသံဇိနာနံ။ ဘုရား–ပစ္စေကဗုဒ္ဓါ–ရဟန္တာ အရှင်မြတ်တို့ ပိုင်ဆိုင်သော အောင်မြင်ခြင်း တို့၏၊ တေဇေန၊ ဖြင့်။ သဗ္ဗဒါ၊ သိမ်း။ အာရက္ခံကို ဗန္ဒာမိ၊ ၏။

၄။ သဗ္ဗေ၊ ကုန်သော၊ ဗုဒ္ဓါတို့သည်။ လာဘပ္ပတ္တာ၊ မဂ်ဖိုနိဗ္ဗာန် ဓမ္မက္ခန်နှင့် လေးတန် ပစ္စည်း အထူးပူဇော်ဖွယ် ကြီးကို လက်ခံရရှိတော်မူခြင်း ဟူသော လာဘ်နှင့်ပြည့်စုံခြင်းသို့ ရောက်ကြလေပြီ။ ယောလာဘော၊ အကြင် လာဘ်ရခြင်းသည်၊ ပစ္စေကာ နဉ္စ တို့အား လည်းကောင်း၊ အရဟန္တာနဉ္စ တို့အား လည်းကောင်း၊ အတ္ထိ၊ ၏။ တေသံ လာဘာနံ၊ ထိုဘုရား ပစ္စေက ဗုဒ္ဓါ– ရဟန္တာအရှင်သူမြတ်တို့၌ ရှိသော လာဘ်ရစုံညီမြတ်ဂုဏ်ရည်တို့၏။ တေဇေန၊ ဖြင့်။ သဗ္ဗဒါ၊ သိမ်း၊ ၊ ဗန္ဒာမိ၊ ၏။

၅။ သဗ္ဗေ၊ ကုန်သော၊ ဗုဒ္ဓါ၊ တို့သည်။ တေဇပ္ပတ္တာ၊ စွမ်းရည်မျိုးစုံ အဖုံဖုံသို့ ရောက်တော် မူကြ လေကုန်ပြီ။ ယောတေဇော၊ ကြင်စွမ်းရည်မျိုးစုံ အဖုံဖုံသည်။ ပစ္စေကာ နဉ္စ၊ တို့အား လည်းကောင်း၊ အရဟန္တာနဉ္စ၊ တို့အား လည်းကောင်း။ အတ္ထိ၊ ၏။ တေသံတေဇာနံ၊ ထိုဘုရား–ပစ္စေက ဗုဒ္ဓါ–ရဟန္တာအရှင်မြတ်တို့ပိုင်ဆိုင်သော စွမ်းရည်မျိုးစုံ အဖုံဖုံ တို့၏ တေဇေန၊ ဖြင့်။ သဗ္ဗဒါ၊ သိမ်း။ အာရက္ခံ၊ ကို။ ဗန္ဒာမိ၊ ၏။

၆။ သဗ္ဗေ–ကုန်သော၊ ဗုဒ္ဓါ–တို့သည်၊ ဗလပတ္တာ–ဗလငါးလီ အားစွမ်းရည်သို့ရောက်တော်မူကြကုန်လေပြီ။ ယံဗလံ–ဗလငါးလီ အားစွမ်းရည်သည်၊ ပစ္စေကာနဉ္စ–တို့အားလည်းကောင်း၊ အရဟန္တာနဉ္စ–တို့အား လည်းကောင်း၊ အတ္ထိ–၏၊ တေသံ ဗလာနံ–ထိုဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့ ပိုင်ဆိုင်သော အားစွမ်းရည်တို့၏၊ တေဇေန–ဖြင့်၊ သဗ္ဗဒါ–သိမ်း၊ အာရက္ခံ–အစောင့်အရှောက်ကို ဗန္ဒာမိ–ဖွဲ့ပါ၏။

၇။ သဗ္ဗေ–ကုန်သော၊ ဗုဒ္ဓါ–တို့သည် ယသပ္ပတ္တာ ခြွေရံစည်ပေါ ကျော်စောခြင်းသို့ ရောက်တော် မူကြလေပြီ။ ယောယသော–အကြင် ခြွေရံစည်ပေါ ကျော်စောခြင်းသည်၊ ပစ္စေကာ နဉ္စ–တို့အား လည်းကောင်း၊ အရဟန္တာနဉ္စ–တို့အား လည်းကောင်း၊ အတ္ထိ–ရှိပါပေ၏။ တေသံယ သာနံ–ထိုဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့ ပိုင်ဆိုင်သော ခြွေရံစည်ပေါကျော်စောမှုတို့၏ တေဇေန–တန်ခိုးဖြင့်၊ သဗ္ဗဒါ–သိမ်း။ အာရက္ခံ–အစောင့်အရှောက်ကို ဗန္ဓာမိ–ဖွဲ့နှောင်ပါ၏။

၈။ သဗ္ဗေ–ကုန်သော၊ ဗုဒ္ဓါ–တို့သည်၊ သိရိပ္ပတ္တာ–သိရိကျက်သရေ ဘုန်းကံမွေသို့ ရောက်တော် မူကြလေကုန်ပြီ။ ယာသိရိ–အကြင်သိရိ ကျက်သရေ ဘုန်းကံမွေသည်၊ ပစ္စေက ဗုဒ္ဓါနဉ္စ–တို့အား လည်းကောင်း၊ အရဟန္တာနဉ္စ တို့အားလည်းကောင်း၊ အတ္ထိ–ရှိပါပေ၏။ ထာသံသိရိနံ– ထိုဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့ ပိုင်ဆိုင်သော သိရိ ကျက်သရေဘုန်းကံမွေတို့–ဖြင့်၊ တေဇေန–ဖြင့်၊ သဗ္ဗဒါ–သိမ်း၊ အရက္ခံ– အစောင့်အရှောက်ကို ဗန္ဓာမိ–ဖွဲ့ပါ၏။

အရှေ့မြောက်အရပ်ကို ရည်စူး၍ ဣဒ္ဓိပတ္တာ ဂါထာကို ရွတ်ရမည်။ ခေမပ္ပတ္တာကို–အရှေ့၊ ဗိနပတ္တာကို အရှေ့တောင်၊ လာဘပတ္တာကိုတောင်၊ တေဇပတ္တာကို အနောက်တောင်၊ ဗလပတ္တာကို အနောက်၊ ယသ ပတ္တာကို–အနောက်မြောက်၊ သိရိပတ္တာကို–မြောက်အရပ်ကို ရည်စူး၍ ရွတ်ပါ၊ ပြီးမှ အရှေ့မြောက်အရပ် ရည်စူးပြီး ဣဒ္ဓိပတ္တာဂါထာကို ပြန်ရွတ်၊ သို့မှ စည်းလုံသည်။ သိရိ ပတ္တာဂါထာတွင် ရပ်ထားပါက စည်းပေါက် အရှေ့မြောက် အရပ်နှင့် မစပ်မိသေး။ တစ်နေ့လျှင် အနည်းဆုံး နေ၏။ အိပ်ရာဝင် အိပ်ရာထ ရွတ်ပေးပါ။ ဘေးအန္တရာယ် ကင်း၍ စီးပွားကျက်သရေ တိုးတက်ပါသည်။

## သံ ၈-ချက် မိုးကြိုးကွင်း ဂါထာ

သံသာရစက္ကဝိဒ္ဓံသံ၊
သံ သုဒ္ဓ မဃ ဩရသံ။
သံဆိန္နကံ ဘဝေ အာသံ၊
သံဃံ အပိ သုမာနသံ။

သံသာရ စက္ကဝိဒ္ဓံသံ-သံသရာ စက်ကို ချိုးဖျက်တော် မူပြီးထသော၊ သံ သုဒ္ဓံ-အဝိဇ္ဇာအမှောင်ကင်းသဖြင့် ဖြူဝင်းစင်ကြယ်သောစိတ် ရှိထသော အဃ-ထိုဘုရားရှင်၏ ဩရသံ-သဒ္ဓမ္မသမ္ဗုတခေါ် ရင်သွေးတော် အစစ်ဖြစ်တော်မူထသော ဘဝေ-သုံးဆယ့်တစ်ထပ် ဘဝရပ်၌၊ အာသံ-ခင်မင် တွယ်တာ တဏှာ တရားကို၊ သံဆိန္နကံ-ကောင်းကောင်းကြီး တော်လှန် ဖြတ်တောက်တော် မူပြီးထသော၊ သုမာနသံ-ရွှင်ကြည်အေးမြ ကောင်းမွန်လှသော ရွှေနှလုံး ရှိတော်မူထသော၊၊ သံဃံအပိ-အရိယာ ရှစ်ဖော် သံဃာတော်မြတ်ကိုလည်း၊ အဟံ-တပည့်တော်(မ)သည်။ ဝန္ဒာမိ-ညွတ်နူးကြည်သာ ထိငါးဖြာဖြင့် ကြည်စွာရိုကျိုး ရှိခိုးပါ၏ဘုရား။

ဤဂါထာသည် သရဲ သဘက်တို့ကို နိုင်နင်းရုံမျှမက အပြိုင်အဆိုင် များကိုလည်း နိုင်နင်းစေသည်။ လာဘ်လည်း ရွှင်စေသည်ဟု ရှေးဆရာ များ မိန့်ဆိုထားခဲ့၏။ အမြဲရွတ်ပါ။ အနည်းဆုံး-တစ်နေ့ ၃-ခေါက်၊ ရွတ်ပေးလျှင် အလွန်ကောင်း၏။ မိုးကြိုးမပစ်၊ ကွင်း၏၊ ပွဲတွေ့။

## သမ္ဗုဒ္ဓေ ကပ်ကျော်မန္တန်ကြီး

(က) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ
ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။

(ခ) အပ္ပကာ ဝါလုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံမ္မွဥ္ဆ သံဃဥ္စ၊
အာဒရေန နမာမဟံ။

(ဂ) နမက္ကာရ နုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

အဋ္ဌဝိသံ၊ သုံးပါးဘဝသုံးလောကတွင် ဥဏ္ဏာရောင်ဖိတ် အောင်ဘိတ်သိက်ဖြင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေစ၊ တန်ဆောင်ပမာ ဥဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန် တို့ကို လည်းကောင်း။ ဒါဒသဥ္စ သဟဿကေ၊ နိဗ္ဗာန် ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင် ကုန်သော၊ သမ္ဗုဒ္ဓေ၊ လရောင်ပမာ ဥဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကို လည်းကောင်း၊ ပဉ္စသတသဟဿနိ၊ သောင်းထိုက် စကြဝဠာဂုဏ်ဝါရောင်ဟိန်း ငါးမာရ်ငြိမ်းသည့် ငါးသိန်း အရေအတွက်ရှိကုန်သော။ သမ္ဗုဒ္ဓေစ၊ နေရောင်ပမာ ဥဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ အဟံ၊ ခန္ဓာပဉ္စက သမူဟသို့ ဂါဟစွဲ ကိုယ်ဟုသမုတ် အကျွန်ုပ်သည်။ သိရသော၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နာမမိ၊ ရှိသေသဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား။

ဝါလုကာ ဂင်္ဂါ၊ ဂင်္ဂါမြစ်ထဲ ကျောက်သလဲတို့သည် အပ္ပကာ-နည်းကုန်သော။ နိဗ္ဗုတာ-ခန္ဓာဓာတ်သိမ်း ငြိမ်းတော်မူကုန် ပြီးထသော။ ဇိနာ-ငါးမာရ်အောင်မြင် ဘုရားရှင်တို့သည် အနန္တာ၊ သိန်းသန်းကုဋေ တွက်ရေများပြား ဂဏန်းအားဖြင့် အပိုင်းအခြား ရှိတော် မမူကြကုန်။ တေသံ၊ ထိုနှစ်ကျိပ်ရှစ်ဆူ နိဗ္ဗူမြတ်ကိန်း ငါးသိန်းအပေါင်း တစ်သောင်း

နှစ်ထောင် ကုန်သော မြတ်စွာဘုရားတို့အား။ အဟံ-တပည့်တော်သည်။ နာမမိ-ဒွါရသုံးလီ စုံညီမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

တေသံ၊ ထိုဘုရားရှင်တို့၏ ဒေသိတံ၊ ဟောတော်မူအပ်သော။ ဓမ္မဥ္စ၊ မဂ်လေးတန် နိဗ္ဗာန် ပရိယတ်ဟု ဆိုအပ်သော၊ ဆယ်ပါးသော တရားတော်မြတ်အပေါင်းကိုလည်းကောင်း။ သံဃဥ္စ၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန် ထင်ပေါ် အရိယာသံဃာတော် အရှင်မြတ်အပေါင်းကို လည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ အာဒရေန၊ ရိုသေသဒ္ဒါ ပြည့်ဖြိုးစွာဖြင့် နမာမိ၊ ခြေ, လက်, နဖူး, တံတောင်, ဒူးဟု ငါးဦးထိမျိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

နမက္ကာရာ နုဘာဝေန၊ ရတနာမြတ် သုံးပါးနတ်ကို မပြတ်ရိုကျိုး ရှိခိုးပူဇော်၊ အာနုဘော်တော်ကြောင့်။ သဗ္ဗေခပ်သိမ်း ဉဿုံ အလုံးစုံ ကုန်သော။ ဥပဒ္ဒဝေ-ဘေးရန် ဥပဒ္ဒဝ မှန်သမျှတို့ကို။ ဟိတွာ-မြူမှုံ မကပ် ချိုးနှိမ်သက်၍။ အနေကအန္တ ရာယောပိ-တစ်ပါးမက များလှ သောင်းပြောင်း အန္တရာယ်အပေါင်း တို့သည်လည်း။ အသေသတော- အကြွင်းမရှိ ပကတိအားဖြင့်။ ဝိနဿန္တု၊ ကင်းစင်လွင့်ပ ပျောက်ပျက် ကြပါစေကုန်သတည်း။

သမ္ဗုဒ္ဓေ မန္တန်တော်ကြီးကား နာမည် ကြီးလှ၏။ ရွတ်ဖတ်ပွားများ သူတိုင်း၊ ကိုယ်တွေ့ ခံစားနေကြရပြီ၊ 'အန္တရာယ်ကင်းပ လိုတရ' မန္တန်တော်ကြီးပင်။ ရွတ်ဖတ်ရာ၌ အကြိမ်များလေ ကောင်းလေဖြစ်၏။ များများ လုပ်လျှင် များများ အကျိုးခံစားရမှု အတိုင်းပင်။ အနည်းဆုံး တစ်နေ့ (၃)ခေါက် ရွတ်သင့်၏။ ဤ၌ ရှေးဆရာတို့က ရွတ်နည်းနှင့် အကျိုးကို လင်္ကာဖြင့် မော်ကွန်းထိုးခဲ့ကြ၏။

✿ ✿ ✿

## သမ္မုဒွေ ရွတ်နည်းနှင့် အကျိုးပြလင်္ကာ

မြတ်လုစိန္တေ၊ သမ္မုဒွေဟု၊ ဆုဝေကျော်ကြား၊ နိဒါန်းအားဖြင့်၊ ကွမ်းစားသတ္တော်၊ ခေါင်းလျှော်ဒသ၊ ဘတ္တတြိန်း၊ ဆီလိမ်းပဉ္စ၊ စီးထလေ့မှာ ရှစ်ကြိမ်သာတည်း၊ နံ့သာပန်းမျိုး၊ ကိုးကြိမ်နှိုးလော့၊ ချုပ်မိုးည၌ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၍ ရန်သူတွေ့မြောက်၊ ဆယ့်တစ်ခေါက်တည့်၊ စစ်ရောက် သောခါ ရွတ်ပါကိုးကြိမ်၊ တည်ငြိမ်သန္ဓေ၊ မဖွားနေ့မူ၊ ရေမှာကိုးခေါက်၊ မန်း၍သောက်က ဖွားမြောက်ခဏ၊ ချမ်းသာရ၏။

ခေတ္တနှောင်သွင်း၊ သံခြေကျင်းနှင့်၊ အပြင်းတိုက်လှောင်၊ တစ်ထောင်ရွတ်လေ၊ လွတ်ထွက် ပေ၏။ ပန်းမွှေးချေက၊ ရွတ်လေနှစ်ခေါက်၊ ခရီးလျှောက်ရာ၊ ခေါင်းမှာတင်စိုက်၊ ရန်ဘေးနှိုက်လည်း၊ မကြိုက်ကင်းပ၊ မြူမှုံမလိမ်း၊ ကင်းလွတ်ငြိမ်း၏။

ရောင်တိမ်းရောဂါ၊ ဗျာပါလည်းကင်း၊ သောကရှင်း၍၊ မင်းမင်းတကာ၊ ကြည်ဖွာမြတ်နိုး၊ ရေပြည့်အိုးသို့၊ မညှိုးပန်းသွင်၊ နေ့တိုင်းပင်တည်း။ ထွက်ဝင်ရဲရဲ၊ လူခပဲတို့၊ အံ့အဲစလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရာ၍၊ စန္ဒာလမင်း၊ ကောင်းကင်ချဉ်းသို့၊ ကောင်းခြင်း၊ သမ္မုဒွေ အကျိုး။ ။

၎င်းလင်္ကာ အဓိပ္ပာယ်မှာ–

သမ္မုဒွေ ဂါထာကို ကွမ်းစားလျှင် (၇)ကြိမ်၊

ခေါင်းလျှော်လျှင် (၁၀)ကြိမ်၊

ထမင်းစားလျှင် (၃)ကြိမ်၊

ဦးခေါင်း ဆီလိမ်းလျှင် (၅)ကြိမ်၊

လှေ–လှည်း–သင်္ဘော–ရထား–ကား–လေယာဉ် စီးလျှင် (၈)ကြိမ်၊

ပန်းနံ့သာ–ရေမွှေး–သနပ်ခါး လိမ်းရာ၌ (၉)ကြိမ်၊

ညမိုးချုပ် အိပ်ရာဝင်ရာ၌ (၉)ကြိမ်၊

ရန်သူနှင့် ရင်ဆိုင်တွေ့ရာ၌ (၁၀)ကြိမ်၊

စစ်ဖြစ်သောအခါ (၉)ကြိမ်

သားဖွားရာ၌ မဖွားနိုင်မှု ရေမှာ (၉)ကြိမ် မန်းသောက်က ချမ်းချမ်းသာသာ ဖွားနိုင်၏။

အဖမ်းအဆီး, အချုပ်အနှောင်, အထိမ်းအသိမ်း၊ တိုက်ပိတ် ခံရရင် အကြိမ် (၁၀၀၀)ရွတ်က လွတ်မြောက်၏။

ခရီးသွားသောအခါ ပန်းကို သမ္ဗုဒ္ဓေ (၂)ကြိမ် မန်းပြီး ခေါင်းမှာ ပန်၍သွားက ဘေးရန်ကင်း၏။

အမြဲ ရွတ်ဖတ်ပါမူကား-ရောဂါကင်း၏။ ကြောင့်ကြဗျာပါဒ မရှိ၊ စိုးရိမ်သောက ကင်းဝေးသည်။ လူနတ်အများ ချစ်ခင်မြတ်နိုး၏။ ရေပြည့်အိုးလို ကျက်သရေမင်္ဂလာနှင့် ပြည့်စုံမည်။ မညှိုးပန်းလို နေ့တိုင်း အမြဲ လန်းဆန်းရွှင်ပျ နေရမည်။ ဘယ်နေရာမဆို ရဲရဲဝံ့ဝံ့ ထွက်နိုင် ဝင်နိုင်၏။ အံ့ဩလောက်အောင် ကောင်းစားမည်။ လပြည့်ဝန်းလို နှစ်သက်စဖွယ် အေးချမ်း တင့်တယ်စွာ နေရမည်။ စွဲမြဲစွာ ရွတ်ဆိုပါက အဖိုးအနဂ္ဃပင်။ လက်တွေ့ ကျင့်သုံးနေသူတိုင်း ကိုယ်တွေ့ ခံစားနေရပြီ။

## ရှင်သီဝလိ ဂါထာ ၁၀-ပါး

၁။ သီဝလိ စ မဟာနာမံ၊<br>
သဗ္ဗလာဘံ ဘဝိဿတိ။<br>
ထေရဿ အာနုဘာဝေန၊<br>
သဗ္ဗေ ဟောန္တု ပိယံမမ။

၂။ သီဝလိ စ မဟာဝိရော၊<br>
ယေ ယေ ပဿန္တုမံ ပိယံ။<br>
တေ တေ ပဿန္တု ပရမံ၊<br>
ဇနပဒါ ပူဇယန္တု။

၃။ သိဝလိ စ မဟာထေရော၊
မမသီသေ ဌပေတွာန။
ဇမ္ဗူဒိပ မဏ္ဍလေန၊
ဇယော မန္တာ သုခါဝဟာ။

၄။ သိဝလိ စ မဟာနာမံ၊
ဣန္ဒာ ဒေဝါ သဗြဟ္မကာ။
မနုဿ ပုရိသော ဣတ္ထီ၊
မဟာလာဘံ ဘဝိဿတိ။

၅။ သိဝလိ စ မဟာလာဘံ၊
နာနာ ဒေတိ ဝရံ ဝရံ။
ဣဒမ္ပိ ပူဇိတံ ဒေတိ၊
မဟာသုခံ ဘဝိဿတိ။

၆။ ဝဏ္ဏံ ဒန္တ ဟရာ ကိတ္တိ၊
အာဏာမယံ့ ဘဝေ ဘဝေ။
ဝတ ရက္ခေ ဒေဝမိတာ၊
သဗ္ဗေကောဓ ဝိနဿန္တု။

၇။ သိဝလိ စ မဟာလာဘံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဒါ ဟောတု ပိယံမမ။

၈။ သီဝလိ စ မဟာထေရော၊
ယေ ယေ ပသန္နာမ့ံ ပိယံ။
တေ တေ ပသန္နာမ့ံ ပိယံ။
ဇနပဒါ ပူဇယန္တု။

၉။ သီဝလိ စ မဟာထေရော၊
မမ သီသေ ဌပေတွာန၊
မန္တာ တေဇေယျော မန္တံ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

၁၀။ သီဝလိစ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော။
သော ရတော ပစ္စယာ ဒိနံ၊
မဟာလာဘံ ကရောတု မေ။

၁။ မဟာနာမံ၊ ကြီးမြတ်သော အမည်ရှိတော်မူထသော၊ သီဝလိစ၊ အရှင်သီဝလိ မထေရ်သည်လည်း။ သဗ္ဗလာဘံ၊ အလုံးစုံသော လာဘ်ရတနာကို။ ဘဝိဿတိ၊ ဖြစ်ပေါ်စေလတ္တံ့။ ထေရဿ၊ အရှင် သီဝလိမထေရ်မြတ်၏။ အာနုဘာဝေန၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည် မမ၊ အကျွန်ုပ်အား။ ပိယံ၊ ချစ်မြတ်နိုးခြင်းသည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၂။ သီဝလိစ၊ အရှင်သီဝလိ မထေရ်သည်လည်း။ မဟာဝီရော၊ ကြီးမြတ်သော ဝီရိယ ရှိတော် မူပါပေ၏။ တဿ–ထို့အရှင် သီဝလိမထေရ်၏။ တေဇေန–တန်ခိုးရှိန်စော်အာနုဘော်ကြောင့်။ ယေ ယေ–အကြင် အကြင်သူ တို့သည်။ မံ၊ အကျွန်ုပ်ကို၊ ပိယံ၊ ချစ်ခင်မြတ်နိုးစွာ၊ ပသန္နာ၊ ကြည်ညိုကုန်၏။ တေ တေ၊ ထိုထိုသော ပုဂ္ဂိုလ်တို့သည်။

ပရမံ၊ မွန်မြတ်လှစွာ။ ပဿန္တု၊ ကြည့်ရှုကြပါစေကုန်သတည်း ဇနပဒါ၊ ဇနပုဒ်သား လူအများတို့သည်။ ပူဇယန္တု၊ ပူဇော်ကြပါ စေကုန်သတည်း၊

၃။ မဟာထေရော–မထေရ်ကြီး ဖြစ်တော်မူသော။ သီဝလိစ၊ အရှင်သီသည်လည်း၊ မမ၊ တပည့်တော်၏။ သီသေ၊ ဦးခေါင်းပလ္လင်၌။ ဥပေတ္တာန၊ အမြဲမပြတ် ရပ်တည်တော်မူ၍၊ ဇမ္ဗုဒီပမဏ္ဍလေန၊ ဇမ္ဗုဒိပ်ကျွန်း အဝန်းနှင့်အမျှ။ ဇယော၊ အောင်မြင်ခြင်းသည်။ ဟောတ–ဖြစ်ပါစေ။ မန္တာ–အောင်မြင်စေကြောင်း မန္တန်ကောင်းသည်။ သုခါဝဟံ၊ ချမ်းသာခြင်းကို ဆောင်ရွက်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း၊

၄။ သီဝလိစ၊ သီဝလိ မထေရ်မြတ်သည်လည်း။ မဟာနာမံ၊ မြင့်မြတ်သော အမည်တော် ရှိပါပေ၏။ တဿထေရဿ၊ ထိုအရှင် သီဝလိ မထေရ်မြတ်၏။ အာနုဘာဝေန၊ အာနုဘော်တော်ကြောင့်၊ သဗြဟ္မကာ၊ ဗြဟ္မာမင်းနှင့် တကွ ကုန်သော။ ဣန္ဒာဒေဝါ၊ သိကြားမင်းတို့သည် လည်းကောင်း၊ မနုဿ ပုရိသော ဣတ္ထိ၊ ယောကျာ်း, မိန်းမများလှသော သူတို့သည်လည်းကောင်း၊ မဟာလာဘံ၊ ကြီးစွာသော လာဘ်ရခြင်းသည်။ ဘဝိဿတိ–ဘဝိဿတု၊ ဖြစ်ပါစေသတည်း။

၅။ သီဝလိစ၊ အရှင် သီဝလိ မထေရ်သည်လည်း။ နာနာ ဝရံဝရံ အထူးထူး အပြားပြား များမြတ်လှသော။ မဟာလာဘံ၊ ကြီးစွာသော လာဘ်လာဘကို၊ ဒေတိ၊ ပေးစွမ်းနိုင်၏။ ပူဇိတံ၊ ပူဇော်အပ်သော။ ဣဒမ္ပိ၊ ဤသို့ သဘောရှိသော လာဘ်ဟူသမျှကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ တဿ ထေရဿ၊ ထိုအရှင် သီဝလိမထေရ်မြတ်၏။ အာနုဘာဝေန၊ အာနုဘော်တော်ကြောင့်။ မဟာသုခံ၊ ကြီးကျယ်သော စည်းစိမ် ချမ်းသာသည်။ ဘဝိဿတိ–ဘဝိဿတု၊ ဖြစ်ပါစေသတည်း။

၆။ မမ၊ တပည့်တော်အား၊ ဘဝေ ဘဝေ၊ ဘဝတိုင်း၊ဘဝတိုင်း၌။ ဝဏ္ဏံ၊ အဆင်းလှခြင်းသည် လည်းကောင်း၊၊ ဒန္တံ၊ ယဉ်ကျေး သိမ်မွေ့ခြင်းသည် လည်းကောင်း၊ ဟာရာ၊ ချမ်းသာခြင်းကို ဆောင်ခြင်းသည်

လည်းကောင်း။ ကိတ္တိစ၊ ကျော်စောခြင်းသည် လည်းကောင်း။ အနာမယ၊ အနာကင်းခြင်းသည် လည်းကောင်း။ ဟောတု၊ ဖြစ်ပါစေ သတည်း။ တဝရက္ခေ၊ ဘုရားရှင်တည်း ဟူသော ပန်းပင်ကြီး၌။ ဒေဝမိတာ၊ တရားတော်တည်း ဟူသော နတ်သမီးသည်။ သဗ္ဗကောမံ၊ အလုံးစုံသော၊ ရန်အမျက်ကို။ ဝိနသယတု၊ ဖျက်ဆီး၍ ပစ်နိုင်ပါစေသတည်း။

၇။ မဟာလာဘံ၊ များစွာသောလာဘ်ရှိတော်မူသော။ သီဝလိစ၊ အရှင် သီဝလိ မထေရ်သည်ကား။ သဗ္ဗလာဘံ၊ များမြတ်သော လာဘ် လာဘသည်။ ဘဝိဿတိ၊ ဖြစ်ပေါ်၍ လာရပေ၏။ ထေရဿ၊ အရှင် သီဝလိ မထေရ်၏။ အာနုဘာဝေန၊ အာနုဘော်တော်ကြောင့်။ မမ၊ တပည့်တော်အား၊ သဒါ၊ အခါခပ်သိမ်း။ ပိယံ၊ လူချစ်လူခင် ပေါများ ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၈။ သီဝလိ စ၊ အရှင်သီဝလိ မထေရ်မြတ်သည်ကား။ မဟာ ထေရော၊ ကြီးကျယ်သော မထေရ်မြတ်လည်း ဖြစ်တော်မူပါပေ၏။ ယေ ယေ၊ အကြင်၊ အကြင်သူတို့သည်။ ခံ၊ အရှင်သီဝလိကို ကြည်ညို သော တပည့်တော်ကို။ ပိယံ၊ သားရင်းပမာ ချစ်ခင်စွာ၊ ပဿန္တု၊ မြင်ကြကုန်၏။ တေ တေ၊ ထိုထိုသူတို့သည်။ မံ၊ အကျွန်ုပ်ကို၊ ပိယံ၊ ချစ်ခင်စွာ၊ ပဿန္တု။ မြင်ကြစေကုန်သတည်း။ ဇနပ္ပဒါ၊ ဇနပုဒ်နေ လူအပေါင်းတို့သည်။ တံ၊ ထိုအရှင် သီဝလိကို။ ပူဇယန္တု၊ ပူဇော် ကြစေကုန်သတည်း။

၉။ မဟာထေရော–မထေရ်မြတ် ဖြစ်တော်မူသော။ သီဝလိစ၊ ရှင်သီဝလိသည်လည်း။ မမ၊ တပည့်တော်၏။ သီသေ၊ ဦးခေါင်းပေါ်တွင် မြတ်ပလ္လင်၌၊ ဌာတု၊ တည်ပါစေသတည်း။ ဋ္ဌပေတွာန– တည်တော်မူ၍။ မန္တတေဇ ဇယောမန္တံ–တန်ခိုးစွမ်း မန္တန်, အောင်မြင်ရေး မန္တာန်ကို ပေးတတ်သော။ တံ–ထိုရှင်သီဝလိ မထေရ်ကို။ အဟံ၊တပည့်တော်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ–ရှိခိုးပါ၏။

၁၀။ ဒေဝမနုဿပူဇိတော- နတ်လူတို့သည် ပူဇော်အပ်သော။ ပစ္စယာ ဒိန်-ပစ္စည်းလေးပါး စသည်တို့ကို။ အရဟော-အလှူခံတော်မူထိုက်သော။ သော သီဝလိ မဟာထေရောစ၊ ထိုအရှင်သီဝလိမထေရ်မြတ်သည်လည်း။ မေ-အကျွန်ုပ်အား၊ မဟာလာဘံ-ကြီးစွာသောလာဘ်ရခြင်းကို။ ကရောတု-ပြုတော်မူပါစေသတည်း။

ရှင်သီဝလိကား လာဘ်အရာ၌ ဧတဒဂ်ဘွဲ့ရ၏။ သူ၏ လာဘ်ရမှုကို လူနတ်ပြဟ္မာ ပရိသတ်သာမက ဗုဒ္ဓကပင် မှတ်ကျောက်တင်ပေးခဲ့သည်။ အထူး ချစ်ခင်ကြ၏။

ထိုအရှင့်ဂုဏ်ကို ရည်စူး၍ ရွတ်ဖတ်ရသော ဂါထာများကား လာဘ်ရဖို့ အခြေခံများပင်။ ဘုန်းကျက်သရေ လာဘ်မိုးရွာလိုသူသည် ဂါထာများကို နေ့စဉ်မပြတ် ရွတ်ဖတ်သင့်၏။ ရွတ်သမျှ အကျိုးခံစားရပေမည်။ အထူးသဖြင့် စီးပွားရေးကောင်း၊ ရောင်းဝယ် ကောင်းလှလေ၏။ လူချစ်လူခင်လည်း များပေသည်။ ပိယသိဒ္ဓိ-မေနသိဒ္ဓိအတွက် အထူးပွင့်သော ဟူ၏။

❂ ❂ ❂

## စ,မကြီး လေးလုံး ဂါထာ

စက္ခုမာစရ မာစိဏ္ဏော၊
ဓမ္မညူ ဓမ္မသာမိကော။
ဗလူပေတော ဗလဓရော၊
ဝရဒေါ ဒေတု မေ ဝရံ။

စက္ခုမာ-မံသပညာ ၂-ဖြာသော စက္ခုနှင့် ပြည့်စုံတော် မူထသော။ စရံ-စရဏတရား တစ်ဆယ့်ငါးပါးကို။ အာစိဏ္ဏော-အမြဲမပြတ် လေ့ကျင့်တော် မူအပ်ပြီးထသော။ ဓမ္မညူ-တရားအားလုံး သိမ်းကျုံးသိမြင်တော် မူပြီးထသော။ ဗလူပေတော-ဉာဏ်တော်အင်အား ဆယ်ပါး

နှင့်လည်း ပြည့်စုံတော် မူထသော။ ဗလမရော-ကိုယ်တော် အင်အား ဆယ်ပါးကိုလည်းဆောင်တော်မူထသော။ ဝရဒေါ-မြင့်မြတ်သမှု နိဗ္ဗာန် ဆုကိုလည်း ပေးတော်မူတတ်သောမြတ်စွာဘုရားသည်။ မေ-အကျွန်ုပ် အား။ ဝရံ-ကောင်းကျိုး စုစုမြတ်သော ဆုကို။ ဒေတု၊ လျင်စွာမနှေး ပေးသနားတော် မူပါ အရှင်ဘုရား။

စ-မ-ဗ-ဝဂါထာဟုလည်း ခေါ်သည်။ လောကီရော လော ကုတ္တရာပါ အလွန် နာမည်ကြီး၏။ ဝိဇ္ဇာများနှင့် ပတ်သက်သည်ဟုလည်း ဆိုကြသည်။ လောကီသိဒ္ဓိများ ရရေးအတွက်လည်း ဉာဏ်ရှိသလိုသုံးကြ သည်။ လောကုတ္တရာ ဘက်၌လည်း အလွန်ကောင်းသော ဂါထာ ဖြစ် သည်။ နေ့စဉ်မပြတ် ရွတ်ဖတ် သရဇ္ဈာယ်နိုင်က အလွန်အကျိုးများ၏။ ရွှေတိဂုံ ဘုရားကြီး၏ ထီးတော်တွင် ရေးထိုးထားသော ဂါထာဖြစ်ပါ သည်။ အခေါက်တစ်ထောင် ရွတ်ပြီး ပုတီးစိပ်ပါက အန္တရာယ်ကင်း၏။ စီးပွား ဖွံ့ဖြိုး၏။ လာဘ်မိုးရွာသည်။ ဝိဇ္ဇာများနှင့် တွေ့နိုင်သည်။ ကြံသမျှ အောင်၍ လုပ်သမျှကိစ္စ ပြီးစီးလေ၏။ ကြိုးစား၍ ရွတ်ဖတ် ကြပါကုန်။

❁ ❁ ❁

## ပဌဝီဇယ မန္တန် ၁၄-ဂါထာပါဠိ

၁။ သိဒ္ဓိ ပဌဝီ ဇယံ သဗ္ဗံ၊
အနေက အန္တရာယိကံ။
ဇယံ ပစ္စေက ဗုဒ္ဓါစ၊
ဇယံ ပရိ မဟေသယော။

၂။ ဇယံ ဟာရော ဟာရိဒေဝေါ၊
ဇယံ ဗြဟ္မာ တေရဋ္ဌာ။

ဇယံ နာဂေါစ ဝိရူဠှော။
ဝိရူပက္ခောစ စန္ဒိမာ။

၃။ ဝိက္ကန္တော ဝေနေတေယျောစ၊
ကုဝေရော ဝရုဏောပိစ။
အဂ္ဂိ ဝါရုဏော ပဇ္ဇုန္နော၊
ကုမာရော စတုပါလကော။

၄။ အဋ္ဌာရသ မဟာ ဒေဝါ။
သုဓိတာစ ပသိဒ္ဓိယော။
အသီတိ မဟာသာဝကာ၊
သဗ္ဗံ ဇယံ ဒဒန္တု မေ။

၅။ ဇေယျော ဓမ္မောစ သံဃောစ၊
ဒသ ဗလောစ ဇေယျကော။
ဇောတန သစ္စ ဝဇ္ဇေန၊
ဇေယျာ သုခီ ဘဝန္တုမေ။

၆။ နရော ဒေဝါစ ဗြဟ္မာနော၊
ယက္ခာ နာဂါစ ဂရုဠာ၊
တေပိ ဒိသွာ ပိယာ မယှံ၊
ပုတ္တံ မမေဝ သိနေဟာ။

၇။ ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါစ၊
အရဟာ အဂ္ဂ သာဝကာ။
သဗ္ဗေ ကရောန္တု မေ မေတ္တံ၊
သဗ္ဗေ တိဋ္ဌန္တု မတ္တကေ။

၈။ တေသံ မေတ္တာ နုဘာဝေန၊
သဗ္ဗေ ရောဂါ သုသီတလာ။
သဗ္ဗေ ဘယာ ဝိနဿန္တု၊
သဗ္ဗေ နဿန္တု ပဒ္ဒဝါ။

၉။ ဣမသ္မိံ စက္ကဝါဠေစ၊
ဗဟူ အနန္တပါဏိနော။
အနန္တစက္ကဝါဠေစ၊
ဗဟူ အနန္တပါဏိနော။

၁၀။ ဣမေ သတ္တာ အဝေရာစ၊
အညမညံ ပိယာ ဟောန္တု။
ဣမေ သတ္တာ အဝေရာစ၊
အညမညံ သုခါ ဟောန္တု။

၁၁။ နေရယိကာ တိရစ္ဆာနာ၊
ပေတာ အသုရကာ ယမာ။
ဣမေ သဗ္ဗေ ယထာ သတ္တာ၊
ဒုက္ခာ မုစ္စန္တု တတ္တကာ။

၁၂။ ဒသယောင်္ဂို ဒကာဇာစ၊
ထလဇာ နဝကောင်္ဂိယော။
သံသေဒဇော ပပါတိကာ၊
ဒီဃာယုကာ ဘဝန္တု တေ။

၁၃။ ဥဒ္ဒံ ယာဝ ဘဝဂ္ဂါစ၊
အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊
ယေ သတ္တာ ပထဝီစရာ၊

၁၄။ အဗျာပဇ္ဈာ နိဝေရာစ၊
နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။
သဗ္ဗေ သတ္တာ အဝေရာစ၊
သဟ သဗ္ဗေဟိ ဉာတိဘိ။ ။

## ပထဝိဇယမန္တ နိတော်အနက်

၁။ အနေကအန္တ ရာယိက် တစ်ပါးမက များလှသွယ်သွယ် အန္တ ရာယ်ကို ပြုတတ်သော။ ပထဝိဇယံ – ကြွင်းမဲ့ဥဿုံ အလုံးစုံသော မြေအပြင်၌ အောင်မြင်ဖွယ် ဟူသမျှ တစ်စမကြွင်း ရန်ခပင်းကို။ ညီ...ကောင်းကျိုးလျှမ်းတောက် ချမ်းသာရောက်အောင် မျက်မှောက် ထင်ထင် အောင်မြင်ပါစေသတည်း။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါ အရှင် မြတ်တို့သည်လည်း။ မေ–အကျွန်ုပ်အား။ ဇယံ–အောင်ဆုကို။ ဒဒန္တု– ပေးတော်မူပါစေကုန်သတည်း။ မဟေသယောစ၊ မြတ်သော သီလက္ခန္ဓ စသည် ကျေးဇူးဂုဏ်အထူးကို ရှာမှီးတော်မူကုန်ပြီးသော ပညာဓိက သဒ္ဓါဓိက ဝီရိယာဓိက ဘုရားသခင် အရှင်အဂ္ဂသာဝက မဟာသာဝက ပကတိသာဝက ရဟန္တာမြတ်တို့သည်လည်း။ ပရိ–ထက်ဝန်းကျင် အကြွင်း မရှိသော အားဖြင့်။ မေ–အကျွန်ုပ်အား။ ဇယံ–အောင်ဆုကို။ ဒဒန္တု– ပေးတော်မူကြပါစေကုန်သတည်း။

၂။ ဟရာ–ဟရနတ်သည်လည်းကောင်း။ ဟရိဒေဝေါ – ဟရိနတ်သည်လည်းကောင်း။ မေ–အကျွန်ုပ်အား။ ဇယံ–အောင်ဆုကို။

ဒဒန္တု - ပေးကြပါစေကုန်သတည်း။ ဗြဟ္မာ - ဗြဟ္မာသည်လည်းကောင်း။ ဓတရဋ္ဌော - ဓတရဋ္ဌနတ်မင်းသည်လည်းကောင်း။ မေ - အကျွန်ုပ်အား။ ဇယံ - အောင်ဆုကို။ ဒဒန္တု-ပေးကြပါစေကုန်သတည်း။ နဂေါစ - မဟာနာဂ နတ်မင်းသည်လည်းကောင်း။ ဝိရူဠှောစ - ဝိရူဠှကနတ်မင်း သည် လည်းကောင်း။ ဝိရူပက္ခောစ-ဝိရူပက္ခနတ်မင်းသည်လည်းကောင်း။ စန္ဒိမာပိ-လနတ်သားသည်လည်းကောင်း။

၃။ ဝိက္ကန္တောစ - အထူးထူးသော နတ်တို့ကို အစိုးရသော သိကြားမင်းသည် လည်းကောင်း။ ဝေနတေယျောစ - ဝိနတာ နတ် သမီး၏ သားတော်ဖြစ်သော နတ်မင်းသည်လည်းကောင်း။ ကုဝေရောစ - ကုဝေရနတ်မင်းသည် လည်းကောင်း။ ဝရုဏောပိစ - ဝရုဏနတ်မင်း သည်လည်းကောင်း။ အဂ္ဂိစ-မီးနတ်သားသည်လည်းကောင်း။ ဝါရုဏောစ -လေနတ်သားသည် လည်းကောင်း။ ပဇ္ဇုန္နောစ-မိုးနတ်သားသည်လည်း ကောင်း။ ကုမာရောစ - ကုမာရနတ်သားသည် လည်းကောင်း။ စတု လောကပါလောစ-လောကပါလနတ်သားလေးယောက်သည် လည်း ကောင်း။ မေ - အကျွန်ုပ်အား။ ဇယံ - အောင်ဆုကို။ ဒဒန္တု-ပေးကြ ပါစေကုန်သတည်း။

၄။ သုခိတာ-ချမ်းသာအောင် ဆောင်နိုင်ကုန်သော။ အဋ္ဌာရသ မဟာဒေဝါ - တစ်ဆယ့်ရှစ်ယောက်ကုန်သော နတ်မင်းကြီးတို့သည် လည်းကောင်း၊ ပသိဒ္ဓိယော - အထူးထူးအပြားပြား စီးပွားချမ်းသာကို ပြီးစေတတ်ကုန်သော။ အသီတိ မဟာသာဝကာစ-ရှစ်ကျိပ်သော မဟာ သာဝက ရဟန္တာအရှင်မြတ်တို့သည်လည်းကောင်း။ မေ - အကျွန်ုပ်အား။ သဗ္ဗဇယံ - အောင်ဆုဟူသမျှကို။ ဒဒန္တု - ပေးတော်မူကြပါစေကုန် သတည်း။

၅။ ဓမ္မောစ-ဆယ်ပါးသော တရားတော်သည်လည်းကောင်း၊ သံဃောစ - သမုဂ္ဂိ ပရမတ် နှစ်ရပ်သော သံဃာသည်လည်းကောင်း၊

ဇေယျော - ရန်ဟူသမျှကို အထူး အောင်မြင်တော်မူပေ၏။ ဒသဗလောစ -ကာယဉာဏ်တော် အားဆယ်ဖော်နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားသခင်သည်လည်း။ ဇေယျကော-ရန်မျိုးဉသံ အလုံးစုံကို ချက်ကုန်မကြွင်း ခုတ်စဉ်းဖျက်ခွေ အထူး အောင်မြင်ကုန်သည်လည်းကောင်း။ သုခီ-ကိုယ်စိတ်နှာဖြာ ချမ်းသာခြင်း ရှိကုန်သည်လည်းကောင်း။ မေ-အကျွန်ုပ်ဒအား။ ဘဝန္တု-ဖြစ်ကြပါစေကုန်သတည်း။

၆။ နရာစ - လူတို့သည်လည်းကောင်း။ ဒေဝါစ - နတ်တို့သည်လည်းကောင်း။ ဗြဟ္မာနောစ - ဗြဟ္မာတို့သည်လည်းကောင်း။ ယက္ခာစ - ဘီလူးတို့သည်လည်းကောင်း။ နာဂါစ - နဂါးတို့သည်လည်းကောင်း။ ဂရုဠာစ-ဂဠုန်တို့သည်လည်းကောင်း။ တေပိ-ထို လူ-နတ်-ဗြဟ္မာ-ဘီလူး-နဂါး-ဂဠုန်တို့သည် လည်း။ ဒိဿွာ - မြင်သည်ရှိသော။ မယံ - အကျွန်ုပ်အား။ ပိယာ - မြတ်နိုးချစ်ခင်ကြကုန်သည်။ ဟောန္တု - ဖြစ်ပါစေကုန်သတည်း။ ပုတ္တံ - မိမိတို့၏သားကို။ သိနေဟာဏ္ဏဝ - ချစ်ခင်ကြကုန်သကဲ့သို့။ မမ-အကျွန်ုပ်အား။ ပိယာ-မြတ်နိုးချစ်ခင်ကြကုန်သည်။ ဟောန္တု-ဖြစ်ပါစေကုန်သတည်း။

၇။ ဗုဒ္ဓါစ-မြတ်စွာဘုရားတို့သည် လည်းကောင်း။ ပစ္စေကဗုဒ္ဓါစ - ပစ္စေကဗုဒ္ဓါတို့သည် လည်းကောင်း။ အရဟာစ၊ ရဟန္တာတို့သည် လည်းကောင်း။ အဂ္ဂသာဝကာစ-အဂ္ဂသာဝကတို့သည် လည်းကောင်း။ သဗ္ဗေ - အလုံးစုံကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အဂ္ဂသာဝက တို့သည်။ မေ-အကျွန်ုပ်အား။ မေတ္တံ-ချစ်ခြင်းမေတ္တာကို။ ကရောန္တု - ပြုတော်မူပါစေကုန်သတည်း။ သဗ္ဗေ - အလုံးစုံကုန်သော ဘုရား ပစ္စေကဗုဒ္ဓါရဟန္တာ အဂ္ဂသာဝကတို့သည်။ မေ-အကျွန်ုပ်၏။ မတ္ထကေ - ဦးခေါင်းထက်၌၊ တိဋ္ဌန္တု-ရပ်တည်တော်မူပါစေကုန်သတည်း။

၈။ တေသံ - ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အဂ္ဂသာဝကတို့၏။ မေတ္တာနုဘာဝေန - မေတ္တာ၏ အာနုဘော်တော်ကြောင့်။ သဗ္ဗေ -

အလုံးစုံကုန်သော။ ရောဂါ - ကိုးဆယ့်ခြောက်ဖြာ အနာရောဂါတို့သည်။ သုသိတလာ - အလွန်ငြိမ်းအေးကြကုန်သည်။ ဟောန္တု - ဖြစ်ပါစေကုန်သတည်း။ သဗ္ဗေ - အလုံးစုံကုန်သော။ ဘယာ - ကြောက်မက်ဖွယ်ဘေးတို့သည်။ ဝိနဿန္တု-ပျောက်ကွယ်ကြပါစေကုန်သတည်း။ သဗ္ဗေ- အလုံးစုံကုန်သော။ ဥပဒ္ဒဝါ၊ ကပ်၍ နှိပ်စက်တတ်ကုန်သော ဥပဒ္ဒဝေါတို့သည်။ နဿန္တု - ပျက်စီးကြပါစေကုန်သတည်း။

၉။ ဣမသ္မိံ စက္ကဝါဠေ - ဤစကြာဝဠာ၌။ ဗဟူ- များစွာကုန်သော။ အနန္တ ပါဏိနော စ-အဆုံးအပိုင်းအခြား မရှိကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း။ အနန္တ စက္ကဝါဠေ- အဆုံးအပိုင်းအခြား မရှိသော စကြာဝဠာတိုက်အပေါင်း၌။ ဗဟူ-များစွာကုန်သော။ အနန္တ ပါဏိနော စ - အဆုံးအပိုင်းအခြား မရှိကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း။

၁၀။ ဣမေ သတ္တာ၊ ဤဆိုအပ်ပြီးသော သတ္တဝါအပေါင်းတို့သည်။ အညမည်-အချင်းချင်း။ အဝေရာ-ရန်မရှိကြကုန်သည်ဖြစ်၍ ပိယာစ- မြတ်နိုးချစ်ခင်ကြကုန်သည်လည်း။ ဟောန္တု-ဖြစ်ကြပါစေ ကုန်သတည်း။ ဣမေ သတ္တာ - ဤဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်။ အညမည် - အချင်းချင်း။ အဝေရာ - ရန်မရှိကြကုန်သည် ဖြစ်၍။ သုခါ စ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်။ ဟောန္တု- ဖြစ်ကြပါစေကုန်သတည်း။

၁၁။ နေရယိကာ စ-ငရဲသားတို့သည်လည်းကောင်း။ တိရစ္ဆာနာ စ-တိရစ္ဆာန်တို့သည် လည်းကောင်း။ ပေတာစ-ပြိတ္တာတို့သည် လည်းကောင်း။ အသုရကာ စ - အသူရကာယ် တို့သည် လည်းကောင်း။ ယမာ စ - ငရဲသနင်း ယမမင်းတို့သည် လည်းကောင်း။ ပေထာ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဇာတာ-ဖြစ်ကုန်သော။ သဗ္ဗေ- အလုံးစုံကုန်သော။ ဣမေ သတ္တာ-ဤ ဆိုအပ်ပြီးသော သတ္တဝါအပေါင်း

တို့သည်။ သန္တိ – ရှိကြကုန်သည်။ တတ္ထကာ – ထိုမျှလောက်ကုန်သော သတ္တဝါအပေါင်းတို့သည်၊ ဒုက္ခာ–ဆင်းရဲအပေါင်းမှ။ မုစ္စန္တု–ကင်းလွတ်ကြပါစေသတည်း။

၁၂။ ဒသကောဋိဒကဓာစ – ရေနေ ဆယ်ကုဋေသော သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ ထလဇာ နဝကောဋိယောစ–ကုန်းနေ ကိုးကုဋေသော သတ္တဝါအပေါင်းတို့သည် လည်းကောင်း။ သံသေဒဇော ပပါတိကာစ – အညှိ၌ဖြစ်သော သတ္တဝါ၊ ကိုယ်ထင်ရှားဖြစ်သော သတ္တဝါ အပေါင်းတို့သည် လည်းကောင်း။ တေ – ထိုဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်။ ဒီဃာယုကာ – အသက် ရှည်ကြကုန်သည်။ ဘဝန္တု – ဖြစ်ပါစေကုန်သတည်း။

၁၃။ သမန္တာ – ထက်ဝန်းကျင်အရပ်မှ။ စက္ကဝါဠေသု – အဆုံးအပိုင်းအခြားမရှိကုန်သော စကြဝဠာတိုက်အပေါင်းတို့၌။ ဥဒ္ဓံ–အထက်၌။ ယာဝဘဝဂ္ဂါစ – နေဝသညာနာသညာ ယတန ဘဝဂ်ဘုံတိုင်အောင် လည်းကောင်း၊ အဓောအောက်၌။ ယာဝ အဝီစိတော စ–အဝီစိငရဲဘုံတိုင်အောင် လည်းကောင်း။ ယေ သတ္တာ – အကြင်သတ္တဝါ အပေါင်းတို့သည်။ ပထဝိစရာ–မြေ ရေ နှစ်ပြင် ထက်ကောင်းကင်၌ ကျင်လည် လှည့်သွား ကျက်စားကြကုန်၏။

၁၄။ သဗ္ဗေ – အလုံးစုံကုန်သော။ တေ သတ္တာ – ထိုသတ္တဝါအပေါင်းတို့သည်။ သဗ္ဗဟိ–အလုံးစုံကုန်သော။ ဉာတိတိ–အဆွေအမျိုးတို့နှင့်။ သဟ–တကွ။ အဗျာပဇ္ဇာ စ–စိုးရိမ်ကြောင့်ကြ မရှိကြကုန်သည် လည်းကောင်း။ နိဒ္ဒုက္ခာ စ–ဆင်းရဲဒုက္ခ မရှိကြကုန်သည် လည်းကောင်း။ အနုပဒ္ဒဝါ စ–ဥပဒ္ဒဝေါ မရှိကြကုန်သည်လည်းကောင်း။ အဝေရာ စ–အတွင်းရန် မရှိကြကုန်သည်လည်းကောင်း။ ဟောန္တု – ဖြစ်ပါစေကုန်သတည်း။

အောင်မြေကို ပထဝီဇယ ခေါ်သည်။ မြေအပြင်၌ အောင်မြင်မှုပင်။

အန္တရာယ်ကို အောင်မြင်ခြင်း၊ ရာထူးဂုဏ်သိန် စည်းစိမ်ချမ်းသာတို့ကို ရရှိ အောင်မြင်ခြင်းဟု ၂–မျိုးရှိ၏။ မြေအပြင်၌ ထို ၂–မျိုးစလုံးကိုပင် အောင်မြင်ရရှိရေးအတွက် ဤမန္တန် ဖြစ်ပေါ်လာရပေသည်။

ဤ ပထဝီဇယမန္တန်ကို ရေးအခါက ဘုရားအလောင်း သူတော်ကောင်းတို့လည်း မပြတ်ဆောင်ကြဉ်းလာသည်ဟု ဆိုကြ၏။ ဤမန္တန်ကို ရွတ်ဖတ်ပါက စည်းစိမ်သာမက ကြည်ကြည်ဖြူဖြူ အများက ဝိုင်းယူမင်းမြှောက်ကြသဖြင့် မင်းစည်းစိမ်ပင် ခံစားရဖူးလေပြီ။ မှန်၏။ ဤမန္တန်ကို ပုဏ္ဏားထံမှတစ်ဆင့် မြေခွေးကရ၍ ရွတ်ဖတ်သရဇ္ဈာယ်ရာ တိရစ္ဆာန်အပေါင်းက ကြည်ဖြူစွာ ဝိုင်း၍ မင်းမြှောက်သဖြင့် မင်းစည်းစိမ်ကိုပင် ခံစားခဲ့ရလေပြီဟု သဗ္ဗဒါဌ်ကဲ ဇာတ်တော်၌ လာ၏။

အဟိတ်တိရစ္ဆာန်ပင် ဖြစ်သော်လည်း မန္တာန်စွမ်းအင်ကြောင့် ဘေးရန်ကင်းပြီး မင်းစည်းစိမ် ခံစားရသေးလျှင် လူသားများအဖို့ ဆိုဖွယ်ရာ မရှိပေ။ ယုံကြည်စွာ အက္ခရာမပျက် အနက်ထင်မြင်အောင် ရွတ်ဖတ်ပါက ရွတ်သူကိုယ်တိုင် ခံစားရပါလိမ့်မည်။ ထို့ကြောင့် လေးနက်စွာ ရွတ်ဖတ်ကြည့်ပါလို့။

❂ ❂ ❂

### အရပ် "၁၀" မျက်နှာ စည်းချဂါထာ

၁။ သဗ္ဗေ ဗုဒ္ဓါ ဣန္ဒိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာဣန္ဒိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၂။ သဗ္ဗေဗုဒ္ဓါ ခေမပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော ခေမော။
အရဟန္တာနဉ္စ တေဇေန၊

ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၃။ သဗ္ဗေ ဗုဒ္ဓါ ဓိနပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော ဓိနော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၄။ သဗ္ဗေ ဗုဒ္ဓါ လာဘပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော လာဘော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၅။ သဗ္ဗေ ဗုဒ္ဓါ တေဇပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော တေဇော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၆။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၇။ သဗ္ဗေ ဗုဒ္ဓါ ယသပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော ယသော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၈။ သဗ္ဗေ ဗုဒ္ဓါ သိရိပ္ပတ္တာ၊
ပစ္စေကာနဉ္စယာ သိရီ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၉။ သဗ္ဗေ ဗုဒ္ဓါ ဈာနပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဈာနံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
၁၀။ သဗ္ဗေ ဗုဒ္ဓါ နိဗ္ဗုပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ နိဗ္ဗုံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ရှေးဂါထာအနက်များ သိသာပြီ၊ အပြင်စည်းချတွင် ပါခဲ့လေပြီ။

၉။ သဗ္ဗေ – ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ – ဘုရားရှင်တို့သည်။ ဈာနပ္ပတ္တာ– သမာပတ် ၉–ပါး ဈာန်တရားသို့ ငါးပါးဝသီဘော်တို့ဖြင့် ကောင်းစွာ ရောက်တော်မူကြပြီ။ ယံဈာန်– အကြင်သမာပတ် ၉–ပါး ဈာန်တရားသည်။ ပစ္စေကာနဉ္စ – ပစ္စေကဗုဒ္ဓါတို့အား လည်းကောင်း။ အရဟန္တာနဉ္စ–ရဟန္တာအရှင်တို့အား လည်းကောင်း။ အတ္ထိ – ထင်ရှား မသွေ ရှိပါပေ၏။ တေသံဈာနာနံ – ထိုဘုရား–ပစ္စေကဗုဒ္ဓါ–ရဟန္တာ အရှင်မြတ်တို့ ပိုင်ဆိုင်သော ဈာန်သမာပတ် ၉–ပါးတို့၏။ တေဇေန– တန်ခိုးအင်အား စွမ်းပကားဖြင့်။ သဗ္ဗသော – အခါခပ်သိမ်း။ ရက္ခံ– အစောင့်အရှောက်ကို။ ဗန္ဓာမိ– ဖွဲ့နှောင်ထားပါ၏။

၁၀။ သဗ္ဗေ–ကုန်သော။ ဗုဒ္ဓါ–တို့သည်။ နိဗ္ဗုပတ္တာ–အမြဲ တည်ရှိ သန္တိလက္ခဏာ ပြည်ခေမာသို့ ကောင်းစွာ ရောက်တော်မူကြ ကုန်ပြီ။ ယံနိဗ္ဗုံ – အကြင် အမြဲတည်ရှိ သန္တိလက္ခဏာ ပြည်ခေမာသည်။ ပစ္စေကာနဉ္စ – တို့အားလည်းကောင်း၊ အရဟန္တာနဉ္စ – တို့အားလည်း ကောင်း၊ အတ္ထိ–ထင်ရှားမသွေ ရှိပါပေ၏။ တေသံနိဗ္ဗာနံ – ထို ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့ ပိုင်ဆိုင်သော နိဗ္ဗာန်တို့၏။ တေဇေန – ဖြင့်၊ သဗ္ဗသော – သိမ်း၊ ရက္ခံ – ကို၊ ဗန္ဓာမိ – ၏။

ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏ ဂုဏ်တော်စွမ်းရည်ကို အာရုံပြုအစောင့်ဖွဲ့ထားသဖြင့် ရတနာရွှေကြုတ်ထဲ၌ နေသလို ဘေးရန် အားလုံး လုံခြုံစေပြီး အနှောင့်အယှက်မရှိ၊ ပကတိသော ချမ်းသာမှု ခံစားရမည်။ ရွတ်ရာ၌ အပြင်စည်းချ ဂါထာများလိုပင်ရွတ်၍ အထက် အရပ်ကို ရည်မှတ်ပြီး ဈာနပတ္တာဂါထာကို ရွတ်ဖတ်ရမည်။ အောက် အရပ်ကို ရည်မှတ်ပြီး နိစ္စပတ္တာ ဂါထာကို ရွတ်ဖတ်ရမည်။ ယုံကြည် စိတ်ချစွာဖြင့် ပါဠိမှန်မှန် အနက်ဉာဏ် ထင်မြင်အောင် ရှူးရှူးစိုက်စိုက် ရွတ်ပါ။ များများရွတ်နိုင်လေ ကောင်းလေပင်။ စိတ်လုပ်ငန်းတွင် များများထုံလေ စွမ်းရည်သတ္တိ ထက်လေဖြစ်၏။ အနည်းဆုံး တစ်နေ့လုံး အတွက် အိပ်ရာထ တစ်ကြိမ်၊ တစ်ညလုံးအတွက် အိပ်ရာဝင်တစ်ကြိမ် ရွတ်ပေးပါလေ။

❂ ❂ ❂

## အောင် "ဇ" ချက် ဂါထာ

ဇယစက္ကော ဇယန္တော ယော၊
ဇယိတဗ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသိန္နံ၊
ဇယံ ဒေတု ဇယုတ္တရော။

ယော ဇယစက္ကော – ပါရမီတော်ဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဇယာသနေ – အောင်သိဒ္ဓိ ဆင်မြန်းသည့် ပလ္လင်နန်းမှန်ကင်း အောင်ဗောဓိပင်ရင်း၌။ ဇယိတဗ္ဗေ – အောင်အပ်သည့်တရား မာရ်ငါးပါးအပေါင်းတို့ကို။ ဇယန္တော – ပါရမီတော်စက် ဘုန်းလက်နက်ဖြင့် အကြွင်းမဲ့ ချေမှုန်းပယ်ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ။

ဇယေသိန္နံ–မြတ်နိဗ္ဗာန်အောင်နန်းနှင့် အောင်ဘိသိက်ပန်းမင်္ဂဖိုလ်

ကို များထိုထိုဝင်ရအတွင်း၌ လွတ်ကင်းအောင် အာသာကြီးဖြင့် ရှာမှီးကာ နေကြကုန်သော သူတို့အား။ ဇယာပေသိ – ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကိုဆွတ်ချူ၍ ထွတ်အဂ္ဂ အမြိုက်ဓာတ်သို့ ဆိုက်ကပ်တော်မူစေပြီး အောင်စေတော်မူလေပြီ။

ဇယုတ္တရော – အောင်သူတကာတို့၏ မှန်ကင်း အောင်ခြင်းတကာတို့၏ ဦးသျှောင် ထွတ်ခေါင်မြတ်သရဖူ သယမ္ဘူမကိုဋ်ထိး အောင်ပွဲဝင်ပုဂ္ဂိုလ်ကြီး ဖြစ်ပေထသော။ သော ဇယစက္ကော – ဟိုအောင်စက်သခင်ဘုရားရှင်သည်။ မေ – အောင်ဆုလိုငြား တပည့်တော်အား။ ဇယံ – အောင်ပန်းဝေမြိုင် အောင်ဖူးတွေကြိုင်လှိုင်သည့် အောင်သိဒ္ဓိပန်းခိုင်ကြီးကို ဒေတု – ကရုဏာရှေ့ထား၍ ပေးသနားတော်မူပါ အရှင်ဘုရား။–.

ဤဂါထာသည် "ဇယံ–အောင်ခြင်း"ဟု ရှစ်ကြိမ်တိတိ ပါ၏။ ရွတ်ဆိုလျှင်လည်း "ဇယ–ဇယ"ဟူသော အသံသည် အစီအရီ ထွက်ပေါ်လာသဖြင့် သုတိမင်္ဂလာ ရှိပေသည်။ အဓိပ္ပာယ်လည်း အလွန်ကောင်း၏။

အောင်စက်ပိုင်ရှင် ဘုရားသခင်သည် အောင်သင့်ရာမှန်သမျှကို အောင်ပလ္လင်၌ အောင်မြင်တော်မူခဲ့ပါပြီ။ အောင်မြင်မှု ရှာဖွေသူတို့အားလည်း အောင်မြင်စေခဲ့ပါပြီ။ အောင်မြင်သူတို့တွင် အမြတ်ဆုံး အောင်စက်ပိုင်ရှင် ဘုရားသခင်သည် အောင်ဆုကို ပေးတော်မူပါဟု ဆုတောင်း၏။ အနက်လည်း အလွန်ကောင်းပေသည်။

လူတို့သည် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံရေးစသည့် လူမှုရေးတို့၌ အောင်မြင်ကျော်ကြား လိုကြ၏။ အောင်မြင်လိုသူတိုင်း ဤဂါထာတော်ကြီးကို ရွတ်ဆိုရပေမည်။

ဤဂါထာတော်ကို ရွတ်ဆိုရာ၌ အောင်မြင်လိုမှု ဆန္ဒ၊ အောင်မြင်ခြင်းသို့ ညွတ်နေသောစိတ်၊ အောင်မြင်ဖို့ ကြိုးစားရွတ်ဆိုခြင်းဖြင့် သစ္စာပြု၏။ ဘုရားရှင် ဘုန်းကံတော် ဉာဏ်တော် ဂုဏ်တို့ကိုသိမြင်၏။ စိတ်စွမ်းရည်ကို နားလည်၏။

သူ့၌ အောင်မြင်လိုမှု ဆန္ဒ–စိတ်ဓာတ်–ဝီရိယ–ပညာ ရှိနေသဖြင့် မုချ အောင်မြင်ရပေတော့မည်။ မှန်၏။ “ဆန္ဒရှိလျှင်, ဝီရိယရှိလျှင်, စိတ်ရှိလျှင်, ပညာရှိလျှင်, ဘာမဆို အောင်ရမည်”ဟူသော သဘာဝ နိယာမ ရှိပေသည် မဟုတ်လား။

ထို့ကြောင့် နေ့စဉ် အိပ်ရာဝင် အိပ်ရာထဖြစ်စေ၊ အမှုကိစ္စ ဆောင်ရွက်တိုင်းဖြစ်စေ၊ ရွတ်ဆိုပေးပါ။ မိမိသက်စေ့ရွတ်ဆိုလျှင်ကား ကောင်းလှ၏။ အကြိမ်ကြိမ် ရွတ်ဆိုမှုကား ပြောဖွယ်ရာ မရှိပေ။ ရွတ်စဉ် စိတ်ကြည်ကြည်လင်လင်ဖြင့် ယုံယုံကြည်ကြည် လေးလေးနက်နက် ရွတ်ဆိုပါက မုချ အကျိုးထူး ခံစားရပေမည်။

✪ ✪ ✪

## တ–သ–ဉ–ခ ဂါထာ

တရိတဗ္ဗတရော နာထော၊
သမေတိ သရဏံ ဂတော။
ဉေယျဓမ္မေသု ဉာဏီကော
ခေမံသော ဒေတု မေ ဇိနော။

နာထော – လူသုံးပါးတို့၏ ကိုးကွယ်အားထားရာ မြတ်စွာဘုရားသည်။ တရိတဗ္ဗတရော – ကူးခတ်သင့်လှ ဝဲသြဃကို လုံ့လပံ့ထောက် ကူးမြောက်တော်မူအပ်ပြီ။ သရဏံ – သတ္တဝါအပေါင်း ခိုအောင်းရာအမှန် မြို့ကြီးနိဗ္ဗာန်ကို။ ဂတော–အရိယာမဂ္ဂင် ဉာဏ်ဖောင်ယာဉ်ဖြင့် မြဲဖင်ကြွသွားတော်မူသည်ဖြစ်၍။ သမေတိ – နိဗ္ဗာန်ခေါ်လတ် အမြိုက်ဓာတ်ဖြင့် ကိန်းဝပ်စံပျော်ငြိမ်းအေးတော်မူ၏။ ဉေယျဓမ္မေသု–သိသင့်သမျှ ဉေယျတရားတို့၌။ ဉာဏီကော–ထိုးတွင်း၍သိ သဗ္ဗညုတဉာဏ်လည်း ရှိတော်မူ၏။ သောဇိနော–ထိုငါးမာရ်အောင်မြင်ဘုရားရှင်သည်၊ ခေမံ–ဘေးရန်ကင်းကွာ အေးငြိမ်းရာကို။ ဒေတု – ပေးသနားတော်မူပါ အရှင်ဘုရား။

ဤဂါထာသည် ဘုရားရှင်၏ သံသရာမှ ကူးမြောက်တော်မူပုံ၊ နိဗ္ဗာန်ရတော်မူပုံ သဗ္ဗညုတဉာဏ်တည်းဟူသော ဂုဏ်တော်တို့ကို အာရုံပြု၍ ရွတ်ဆိုရမည်။ အိပ်ရာဝင် အိပ်ရာထ ရွတ်ပါ။ အန္တရာယ်ကင်း၏၊ သူတစ်ပါး မနှောင့်ယှက်နိုင်။ အထပ်ထပ် ရွတ်ဖတ်ခြင်းဖြင့် စိတ်လိုဆန္ဒ ပြည့်ဝစေမည်။ ယုံကြည်စွာ လက်တွေ့ရွတ်ပါလေ။

✿ ✿ ✿

## အောင်မင်္ဂလာဂါထာ

၁။ ဗုဒ္ဓေါဝ မင်္ဂလာ လောကေ၊
သမ္ဗုဒ္ဓေါစာပိ လောကဂ္ဂေါ။
ဗုဒ္ဓံ သရဏာ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။
၂။ ဓမ္မောဝ မင်္ဂလော လောကေ၊
ဂမ္ဘိရောစာပိ ဒုဒ္ဒသော။
ဓမ္မံ သရဏာ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။
၃။ သံဃောဝ မင်္ဂလော လောကေ၊
ဒက္ခိဏေယျောစ ဥတ္တမော။
သံဃံသရဏာ မာဂမ္မ၊
သဗ္ဗဒုက္ခ ပမုစ္စရေ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ၊

၁။ လောကေ – လောကသုံးအင် ဘုံတခွင်၌။ သမ္ဗုဒ္ဓေါစာပိ – သစ္စာလေးရပ် တရားမြတ်ကို သိတော်မူပြီးသည်လည်း ဖြစ်ထသော။ လောကဂ္ဂေါ – သုံးလောကထက် အမြတ်ဆုံး ဖြစ်တော်မူထသော။

ဗုဒ္ဓေါ ဝ – မြတ်စွာဘုရားသည်သာလျှင်။ မင်္ဂလော – စီးပွားချမ်းသာ တိုးတက်ကြောင်း မင်္ဂလာကောင်းကြီး အစစ် ဖြစ်တော်မူပါပေ၏။ ဗုဒ္ဓံ–သရဏံ– မြတ်စွာဘုရားတည်းဟူသော သရဏဂုံကို။ (ဗုဒ္ဓံ– မြတ်စွာဘုရားကို။ သရဏံ – ကိုးကွယ်ရာဟု ယုံကြည်ဆည်းကပ် သဒ္ဓါစိတ်ကို။) အာဂမ္မ–အာရုံစွဲမှု အကြောင်းပြု၍။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းဉသုံ အလုံးစုံသောဒုက္ခအဝဝမှ။ ပမုစ္စရေ–ပမုစ္စန္တိ – သတ္တဝါ တသင်းတို့ အကြည်ညိုစိတ်ပြင်းသဖြင့် လွတ်ကင်းကြရလေကုန်၏။

၂။ လောကေ – လောကသုံးခွင် ဘုံသုံးခွင်၌။ ဂမ္ဘီရောစာပိ – အလွန် ခက်ခဲနက်နဲသည်လည်း ဖြစ်ထသော။ ဒုဒ္ဒသော စာပိ – သိမ်မွေ့နုယဉ် မြင်နိုင်ခဲသည်လည်း ဖြစ်ထသော။ ဓမ္မောဝ–တရားတော် မြတ်သည်သာလျှင်။ မင်္ဂလော – စီးပွားချမ်းသာကို တိုးတက်ကြောင်း မင်္ဂလာကောင်းကြီးအစစ် ဖြစ်တော်မူပါပေ၏။ ဓမ္မံ သရဏံ–တရားတော် မြတ်တည်းဟူသော သရဏဂုံကို။ (ဓမ္မံ–တရားတော်မြတ်ကို။ သရဏံ– ကိုးကွယ်ရာဟု ယုံကြည်ကာ ဆည်းကပ် သဒ္ဓါစိတ်ကို။) အာဂမ္မ – အာရုံစွဲမှုအကြောင်းပြု၍။ သဗ္ဗဒုက္ခ – ခပ်သိမ်းဉသုံ အလုံးစုံသော ဒုက္ခအဝဝမှ။ ပမုစ္စရေ – ပမုစ္စန္တိ။ သတ္တဝါတသင်းဘို့ အကြည်ညိုစိတ် ပြင်းသဖြင့် လွတ်ကင်းကြရလေကုန်၏။

၃။ လောကေ–လောကသုံးအင် ဘုံတခွင်၌။ ဒက္ခိဏော ယျောစ–မြတ်သောအလှူကို ခံယူခြင်းငှာ ထိုက်သည်လည်း ဖြစ်ထသော။ ဥတ္တမောစ – အမှောင်ဝိဇ္ဇာ ကိလေသာကို ပယ်ခွာပြီးလတ် အရိယာ မြတ်လည်း ဖြစ်ထသော။ သံဃောဝ – သံဃာတော်မြတ်သည်သာလျှင်။ မင်္ဂလော – စီးပွားချမ်းသာ တိုးတက်ကြောင်း မင်္ဂလာကောင်းကြီးအစစ် ဖြစ်တော်မူပါပေ၏။ သံဃံ သရဏံ – သံဃာတော်တည်းဟူသော သရဏဂုံကို။ (သံဃံ – သံဃံတော်မြတ်ကို။ သရဏံ– ကိုးကွယ်ရာဟု ယုံကြည်ကာဆည်းကပ် သဒ္ဓါစိတ်ကို။) အာဂမ္မ–အာရုံစွဲမှု အကြောင်း

ပြု၍။ သဗ္ဗဒုက္ခာ–ခပ်သိမ်းဉဿုံ အလုံးစုံသော ဒုက္ခအဝဝမှ။ ပမုစ္စရေ–ပမုစန္တိ – သတ္တဝါတသင်းတို့ အကြည်ညိုဓာတ် ပြင်းသဖြင့် လွတ်ကင်းကြရလေကုန်၏။

ဧတေန သစ္စဝဇ္ဇေန–ဤသို့ မယွင်းမှန်စွာ သစ္စာစကား ထုတ်ဖော်ကြားခြင်းကြောင့်။ မေ – အကျွန်ုပ်အား။ ဇယမင်္ဂလံ – အောင်ကြောင်းမင်္ဂလာ အဖြာဖြာသည်။ ဟောတု – စင်စစ်မသွေ ဖြစ်ပါစေသတည်း။

အမှုကိစ္စ ကြုံတွေ့က ဤဂါထာတော်ရွတ်၊ ကောင်း၏။ အမြဲရွတ်လျှင် အမှုကိစ္စအောင်မြင်၍ စီးပွားလာဘ်လာဘ တိုးတက်ပြီးဆင်းရဲမှ လွတ်မြောက်နိုင်၏။

✿ ✿ ✿

## ဘေးရောဂါ ဆင်းရဲကင်း ဂါထာတော်

၁။ ဗုဒ္ဓေါ တိလောကပဒီ ပေါစ၊
ဗုဒ္ဓေါ သူရော တမောနုဒေါ။
အစ္စန္တံ သရဏံ ဂတော၊
နတ္ထိ မယှံ ဗယံ သဒါ။

၂။ ဓမ္မော တိလောက ပဒီပေါစ၊
ဓမ္မော သူရော တမောနုဒေါ။
အစ္စန္တံ သရဏံ ဂတော၊
နတ္ထိ မယှံ ရောဂံ သဒါ။

၃။ သံဃော တိလောက ပဒီပေါစ၊
ယော သူရော တမောနုဒေါ။
အစ္စန္တံ သရဏံ ဂတော၊
နတ္ထိ မယှံ ဒုက္ခံ သဒါ။

၁။ ဗုဒ္ဓေါ - ဂေါ်တမမြတ်စွာဘုရားသည်။ တိလောက ဒီပေါစ - လူသုံးပါးတို့၏ ထင်ရှားရှင်းရှင်း အလင်းကို ဖြစ်စေတတ်သော ဆီမီးသဖွယ်လည်း ဖြစ်တော်မူပါပေ၏။ သူရော-ရဲရင့်ခြင်းကို ဖြစ်စေ တတ်သော။ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်။ တမောနုဒေါ - အဝိဇ္ဇာတရား ဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူနိုင်ပေ၏။ (တစ်နည်း) သူရော-သူရိယော - နေမင်းသည်။ တမောနုဒေါဣဝ - ပကတိအမိုက် မှောင်ကို ဖျောက်နိုင်သကဲ့သို့။ ဗုဒ္ဓေါ - ဆီမီးသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ တမောနုဒေါ - အဝိဇ္ဇာ တည်းဟူသော အမိုက် မှောင်ကို ဖျောက်၍ ဝိဇ္ဇာတည်းဟူသော အလင်းရောင်ကို ရောက်စေ တော်မူနိုင်၏။ အစ္စန္တံ - စင်စစ်။ တမောနုဒံ - အဝိဇ္ဇာအမိုက်မှောင်ကို ဖျောက်၍ မဂ်ဉာဏ်ဝိဇ္ဇာတည်းဟူသော အလင်းကို ရောက်စေတော် မူနိုင်သော။ ဗုဒ္ဓံ - မြတ်စွာဘုရားကို။ အဟံ - ငါသည်။ သရဏံ- ကိုးကွယ်ခြင်းသို့။ ဂတော-ရောက်၏။ မယှံ-ငါ့အား။ သဒါ-အခါခပ် သိမ်း။ ဘယံ-ကြောက်ဖွယ်မအေး ဘေးဟူသမျှသည်။ နတ္ထိ-နသဿတု- မရှိအရှင်း ကင်းလွတ်ပါစေသတည်း။

၂။ ဓမ္မော-ဆယ်ပါးသော တရားတော်သည်။ တိလောက ပဒီပေါစ - လူသုံးပါးတို့၏ ထင်ရှားရှင်းရှင်း အလင်းကို ဖြစ်စေနိုင်သော ဆီမီးသဖွယ်လည်း ဖြစ်တော်မူ၏။ သူရော-ရဲရင့်ခြင်းကို ဖြစ်စေနိုင်သော။ ဓမ္မော - ဆီမီးသဖွယ် ဖြစ်သော တရားတော်သည်။ တမောနုဒေါ - အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူနိုင်ပေ၏။ (တစ်နည်း) သူရော-သူရိယော-နေမင်းသည်။ တမောနုဒေါ-ပကတိ အမိုက်မှောင်ကို ပယ်ဖျောက်နိုင်သကဲ့သို့။ ဓမ္မော-ဆီမီးသဖွယ်ဖြစ်သော တရားတော်သည်။ တမောနုဒေါ - အဝိဇ္ဇာအမိုက်မှောင်ကို ဖျောက်တော် မူနိုင်၏။ အစ္စန္တံ-စင်စစ်။ တမောနုဒံ-အဝိဇ္ဇာအမိုက်မှောင်ကို ဖျောက် တော်မူနိုင်သော။ ဓမ္မံ - တရားတော်ကို။ သရဏံ - ကိုးကွယ်ခြင်းသို့။

အဟံ-ငါသည်။ ဂတော-ရောက်၏။ မယှံ-ငါ့အား။ သဒါ - အခါ ခပ်သိမ်း။ ရောဂံ - ကျင်နာညစ်ဆိုး ရောဂါမျိုး ဟူသမျှသည်။ နတ္ထိ-နဿတု - မရှိအရှင်း ကင်းလွတ်ပါစေသတည်း။

၃။ သံဃော - မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန် လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်သည်။ တိလောကဒီပေါစ-လူသုံးပါးတို့၏ ထင်ရှားရှင်းရှင်း အလင်းကို ဖြစ်စေနိုင်သော ဆီမီးသဖွယ်လည်း ဖြစ်တော်မူပါပေ၏။ သူရော-ရဲရင့်ခြင်းကို ဖြစ်စေနိုင်သော။ သံဃော - မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် သံဃာတော်သည်။ တမောနုဒေါ-အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူနိုင်ပေ၏။ (ကစ်နည်း) သူရော-သူရိယော-နေမင်းသည်။ တမောနုဒေါ - ပကတိအမိုက်မှောင်ကို ပယ်ဖျောက်တော်မူနိုင်သကဲ့သို့။ သံဃော-ဆီမီးသဖွယ်ဖြစ်သော သံဃာတော်သည်။ တမောနုဒေါ - အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်တော်မူနိုင်၏။ အစ္စန္တံ-စင်စစ်။ တမောနုဒံ - အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်တော်မူနိုင်သော။ သံဃံ-သံဃာတော်ကို။ သရဏံ - ကိုးကွယ်ခြင်းသို့။ အဟံ-ငါသည်။ ဂတော-ရောက်၏။ မယှံ-ငါ့အား။ သဒါ-အခါခပ်သိမ်း။ ဒုက္ခံ - ကျင်နာညစ်ဆိုး ရောဂါမျိုး ဟူသမျှသည်။ နတ္ထိ-နဿတု - မရှိရှင်းရှင်း ကင်းလွတ်ပါစေသတည်း။

ဤဂါထာကို အမြဲရွတ်က ဘေးရောဂါ ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်၏။ အန္တရာယ် အမျိုးမျိုး ကင်း၏။ ဒေဝါနံ ပိယတိဿ မင်းကြီး နေ့စဥ်အမြဲ ရှိခိုးရွတ်ဖတ်သော ဂါထာဟု ဆို၏။ အမြဲရွတ်ပါလေ။

❂ ❂ ❂

## အစိန္တေယျလေးပါး ဂါထာတော်ကြီး

### ဝါစာအစိန္တေယျဂါထာ

ဝါစာ ဝါစာ ဝိလာသဂ္ဂ၊ ဝါစာ စိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရ ဂုဏောပေတံ၊ တေနမှာ-တုလ ဝါစကော။

ဝါစာ ဝါစာ ဝိလာသဂ္ဂ ဝါစာ စိန္တေယျ သံယုတ္တံ - ပြကတေ့သော စကား, အလွန်တင့်တယ်သောစကား, မြတ်သောစကား, မကြံစည်နိုင်သောစကားနှင့် ပြည့်စုံတော်မူသော။ သာရ ဂုဏောပေတံ - ကျေးဇူးတော်စစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။အဟံ - ကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ - ရှိခိုးပါ၏။ တေန - ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလ ဝါစကော-အတုမရှိသော စကားနှင့် ပြည့်စုံသည်။ အမှို-ဖြစ်ရပါလို၏။

❂ ❂ ❂

### ရူပအစိန္တေယျဂါထာ

ရူပ ရူပ ဝိလာသဂ္ဂ၊ ရူပါ-စိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရ ဂုဏောပေတံ၊ တေနမှာ-တုလရူပဝါ။

ရူပ ရူပ ဝိလာသဂ္ဂ ရူပါ-စိန္တေယျ သံယုတ္တံ - ပြကတေ့သော အဆင်း, အလွန်တင့်တယ်သောအဆင်း, မြတ်သောအဆင်း, မကြံစည်နိုင်သောအဆင်းနှင့် ပြည့်စုံတော်မူသော။ သာရဂုဏောပေတံ-ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ - အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ - ရှိခိုးပါ၏။ တေန - ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလရူပဝါ - အတုမရှိသောအဆင်းနှင့် ပြည့်စုံသည်။ အမှို-ဖြစ်ရပါလို၏။

## ဉာဏအစိန္တေယျဂါထာ

ဉာဏ ဉာဏ ဝိလာသဂ္ဂ၊ ဉာဏာ-စိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရ ဂုဏောပေတံ၊ တေနမှာ-တုလ ဉာဏဝါ။

ဉာဏ ဉာဏ ဝိလာသဂ္ဂ ဉာဏာ စိန္တေယျ သံယုတ္တံ - ပြကတေ့သော ဉာဏ်, အလွန်တင့်တယ်သောဉာဏ်, မြတ်သောဉာဏ်, မကြံစည်နိုင်သောဉာဏ်နှင့် ပြည့်စုံတော်မူသော။ သာရဂုဏောပေတံ - ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ - အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ - ရှိခိုးပါ၏။ ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလဉာဏဝါ-အတုမရှိသောဉာဏ်နှင့် ပြည့်စုံသည်။ အမှိ-ဖြစ်ရပါလို၏။

## ဣဒ္ဓိအစိန္တေယျဂါထာ

ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ၊ ဣဒ္ဓိ-စိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရ ဂုဏောပေတံ၊ တေနမှာ-တုလ ဣဒ္ဓိမာ။

ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ ဣဒ္ဓိ စိန္တေယျ သံယုတ္တံ - ပြကတေ့သော တန်ခိုး, အလွန်တင့်တယ်သော တန်ခိုး, မြတ်သောတန်ခိုး, မကြံစည်နိုင်သော တန်ခိုးနှင့်ပြည့်စုံတော်မူသော။ သာရဂုဏောပေတံ-ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ-အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ-ရှိခိုးပါ၏။ တေန-ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလ ဣဒ္ဓိမာ-အတုမရှိသော တန်ခိုးနှင့် ပြည့်စုံသည်။ အမှိ-ဖြစ်ရပါလို၏။

ဤအစိန္တေယျလေးပါး ဂါထာတော်ကြီးကား မဟာရလောပဆရာတော် ခင်ကြီးပျော် ရွတ်ဆိုသော ဂါထာများဖြစ်၏။ ခင်ကြီးပျော်

ဆရာတော်ကား ပညာအရာ၊ ဘုန်းကံအရာတွင် ပြိုင်ဘက်ရှားခဲ့၏။ မကာရလောပ–မအက္ခရာကျေ–မသိတာမရှိ၊ မဖြစ်တာမရှိ ဘွဲ့ရ ပုဂ္ဂိုလ်ပင်။ လောကီရော လောကုတ္တရာပါ ထူးချွန်ကြောင်း အများသိပင်ဖြစ်ခဲ့၏။ ထိုဆရာတော်ကြီးကား ဤဂါထာတော်များကို လက်သုံးပြုခဲ့လေသည်။

ဂါထာ၏ အဓိပ္ပာယ်မှာလည်း အလွန်ကောင်းလှ၏။ ဘုရားရှင်၏ အစိန္တေယျ ဂုဏ်တော်လေးပါးကို ဖွဲ့ဆိုထားပေသည်။ ဝါစာ အစိန္တေယျ၊ ရူပအစိန္တေယျ၊ ဉာဏအစိန္တေယျ၊ ဣဒ္ဓိအစိန္တေယျ။ စကားတော်အစိန္တေယျဂုဏ်တော်၊ အဆင်းတော် အစိန္တေယျဂုဏ်တော်၊ ဉာဏ်တော်အစိန္တေယျဂုဏ်တော်၊ တန်ခိုးတော် အစိန္တေယျဂုဏ်တော်၊ ဤဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိခိုးပြီး ထိုကောင်းမှုကြောင့် ထိုအစိန္တေယျလေးပါးနှင့် ပြည့်စုံရပါလို၏ဟု ဆုတောင်းထားသည်။

ထို့ကြောင့် အစိန္တေယျ လေးပါးနှင့် ပြည့်စုံလိုသူတိုင်း နေ့စဉ်မပြတ်ရွတ်ဖတ်သင့်၏။ ပါဠိအနက်ကို ဉာဏ်၌ထင်အောင် စူးစိုက်ရွတ်ရမည်။ အထူးသဖြင့် စကားပြော အောင်မြင်မှု၊ စာရေးအောင်မြင်မှုအတွက် ဝါစာအစိန္တေယျဂါထာ၊ ရုပ်လှလိုသူတို့အတွက် ရူပအစိန္တေယျဂါထာ၊ ဉာဏ်ကောင်းလိုသူတို့အတွက် ဉာဏအစိန္တေယျဂါထာ၊ သိဒ္ဓိရလိုသူတို့အတွက် ဣဒ္ဓိအစိန္တေယျဂါထာတို့ကို အကြိမ်ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်သင့်၏။ အနည်းဆုံး စာရေးခါနီး၊ စကားပြောခါနီး၊ အလှပြင်ဆင်ခါနီး၊ စာကျက်ခါနီး၊ စာမေးပွဲ ဖြေခါနီး၊ အလုပ်ကိစ္စ ပြုလုပ်ခါနီးတိုင်း ဘုရားရှင်အာရုံပြု၍ တစ်ကြိမ်စီ ရွတ်ဆိုပေးပါလေ။ အလွန်ကောင်းလှ၏။ "များများလုပ်က များများအကျိုးရ"မှုအတိုင်း များများရွတ်ဖတ်ပါက ပြောဖွယ်ရာ မရှိတော့ပေ။ တန်ဖိုး အနဂ္ဃပင်။

❂ ❂ ❂

## "သိရိဝမှနမန္တန်"

ဃင္ဃေသိ၊ ဃင္ဃေသိ။
ကိံကာရဏာ ဃင္ဃေသိ။
အဟာမွိ တံ ဇာနာမိ။
လှုပ်ရှားနေတာလား၊
လှုပ်ရှားနေတာလား၊
ဘာကြောင့် လှုပ်ရှားနေတာလဲ။
ငါလည်း ဒီအကြောင်းကို သိတယ်။

ဤမန္တန်ကား ရာထူးဂုဏ်သိန် စည်းစိမ်ကို တိုးတက်စေသောကြောင့် သိရိဝမှနမန္တန် ခေါ်သည်။ တက္ကသိုလ်ကျောင်းသား စူဠပန်အလောင်း သတို့သားသည် တက္ကသိုလ် ကျောင်းအုပ်ကြီးထံမှ ရခဲ့သောမန္တန်ဖြစ်၏။ ဆရာ၏ သွန်သင်ချက်အရ ဒီမန္တန်ကို အမြဲရွတ်သဖြင့် သူခိုးထွက်ပြေးခြင်း၊ ငွေတစ်ထောင် ဆုရခြင်း၊ စစ်သူကြီးရာထူးကို ရခြင်း၊ အသက်အန္တရာယ်ကို ကာကွယ်ခြင်း စသော အကျိုးထူးများကို လက်တွေ့ ခံစားရလေပြီ။

ထို့ကြောင့် ယုံကြည်စွာ ကြိုးစား၍ အမြဲရွတ်သင့်၏။ အမှုကိစ္စဆောင်ရွက်တိုင်း ရွတ်သင့်သည်။ မန္တန်သည် ယုံနိုင်လေ ကောင်းလေပင်။ ထုံပါများက စွမ်းရည် ပိုတက်၏။ အကျိုးလိုလားသူသည် စိတ်ချစွာ ရွတ်ဖတ်ပါလေ။

## "ဗလဝမှန မန္တန်"

အဂ္ဂေါဟ မသ္မိ လောကဿ။
ဇေဋ္ဌောဟ မသ္မိ လောကဿ။

သေဋ္ဌောဟ မသ္မိ လောကဿ။
လောကမှာ ငါသာ အမြတ်ဆုံးဖြစ်တယ်။
လောကမှာ ငါသာ အကြီးဆုံးဖြစ်တယ်။
လောကမှာ ငါသာ အချီးမွမ်းခံရဆုံးဖြစ်တယ်။

ဤမန္တန်သည် ဘုရားလောင်း ဖွားဖွားချင်း ရွတ်ဆိုသော ဥဒါန်းဖြစ်၏။ ရွတ်ဆိုလိုက်သဖြင့် စိတ်တန်ခိုးသတ္တိပြည့်ဖြိုးလာ၏။ ခွန်အားပြည့်လာ၏။ ဘာမဆိုလုပ်က အောင်မြင်သည်။ အမြဲမပြတ် ရွတ်သင့်၏။ အထူးသဖြင့် အမှုကိစ္စ ဆောင်ရွက်တိုင်း ရွတ်ရမည်။ အစည်းအဝေး ဟောပြောပွဲဖြစ်စေ၊ တရားရုံးဖြစ်စေ၊ ပရိသတ် အဆောက်အအုံထဲ ဝင်ခါနီးတိုင်း ရွတ်ပေးပါ။ အမှုကိစ္စ ပြီးစီးအောင်မြင်ပါလိမ့်မည်။

❂ ❂ ❂

## "ဣဿသယမန္တန်တော်"

နမော ဗုဒ္ဓဿ။

မြတ်စွာဘုရားအား ရှိခိုးပါ၏။

ဤမန္တန်ကား ရာဇဂြိုဟ်မြို့တွင် အတော်ရေပန်းစားခဲ့၏။ ဘုရားပွင့်တော်မူစဉ် ရာဇဂြိုဟ်မြို့၌ ဗုဒ္ဓဘာသာဝင်ကလေးနှင့် မိစ္ဆာဘာသာဝင်ကလေးတို့ ကျောက်ဒိုးရိုက် ကစားကြရာ ဗုဒ္ဓဘာသာဝင် ကလေးက ရိုက်ခါနီးမှာ မျက်စိလေးမှိတ်၊ ဘုရားရှိရာသို့ လက်အုပ်ကလေးချီပြီး ဘုရားအာရုံပြုကာ "နမော ဗုဒ္ဓဿ - နမော ဗုဒ္ဓဿ"ဟု ရွတ်ဆိုရိုက်ရာ အမြဲနိုင်လေ၏။

မိစ္ဆာဘာသာဝင်ကလေးကလဲ သူတို့ဘုရားကို အာရုံပြုပြီး "နမော အရဟန္တာနံ" ရဟန္တာတွေအား ရှိခိုးပါတယ်ဟု ဆိုရိုက်သော်လဲ အမြဲ ရှုံး၏။ ဒါနဲ့ သူလဲ စဉ်းစားတယ်၊ အင်း ဟိုကောင်ကတော့ ဟောဒီလို ဆိုပြီးရိုက်တာ နိုင်တယ်လို့ သိရတော့ သူလဲ ဗုဒ္ဓဘာသာဝင် ကလေးလို

ကျက်ပြီး အမြဲရွတ်တော့တာပဲ၊ သူလဲ အဲဒီနေ့ကစပြီး နိုင်တော့တယ်။

တစ်နေ့ သူ့အဖေနဲ့ တောသွား ထင်းခုတ်လို့အပြန် ရာဇဝင်ပြုတ် မြို့ပြင် မြက်ရေပေါ်တဲ့နေရာ နွားလွှတ်ကျောင်းတာ သူတို့နွားတွေ ညနေစောင်းတော့ မြို့ထဲကနွားတွေနဲ့ အတူပါသွားတယ်၊ ဒါနဲ့ သူ့ အဖေ လိုက်မောင်းတယ်၊ လိုက်နေတုန်း မိုးချုပ်လို့ မြို့တံခါးပိတ်တာနဲ့ သူ တစ်ယောက်တည်း မြို့ပြင်လှည်းအောက်မှာ အိပ်နေတုန်း မိစ္ဆာ ဘာသာဝင် သရဲက စားဖို့ဖမ်းလိုက်တာ "နမော ဗုဒ္ဓဿ"လို့ ရွတ် လိုက်တယ်။ ဒါနဲ့ ဘီလူး ကြောက်ပြီး ထွက်ပြေးတယ်။ ဒဏ်ခတ်တဲ့ အနေနဲ့ ရှင်ဘုရင်ပွဲတော် ယူကျွေးတယ်။ ဒါဟာ အသိငယ်သေးတဲ့ မိစ္ဆာဘာသာဝင် ကလေးရဲ့ ကိုယ်တွေ့ဖြစ်ရပ်ပါပဲ။ ဒီမန္တာန် ဘယ် လောက်အထိ စွမ်းတယ်ဆိုတာ ခန့်မှန်းသာကြည့်ပါ။

ရှေ့လူကြီးများကလဲ ဒီမန္တာန်ကို ပေရွက်မှာရေးပြီး ရွတ်ဆိုကာ "လိပ်ပြာချုပ်"ထိုးပြီး ကလေးများလည်ပင်းမှာ ဆွဲပေးထားလေ့ ရှိပါ တယ်။ အချို့က လက်ဖွဲ့ထိုးထားပြီး ဆောင်ကြတယ်။ စားခါနီး, သွားခါနီး, အိပ်ခါနီး, အလုပ်လုပ်ခါနီးတိုင်း ရွတ်ဆိုလေ့ရှိတယ်။ အမြဲရွတ် အမြဲထုံထားပါမူကား ဣစ္ဆာသယ လိုရတ မန္တာန် ဖြစ်၏။ ဉာဏ်ရှိသလို ရွတ်ကြပါလေ။

❂ ❂ ❂

### ခရီးသွား အန္တရာယ်ကင်း ဂါထာ

ကတာ မေ ရက္ခာ၊
ကတံ မေ ပရိတ္တံ။
ပဋိက္ကမန္တု ဘူတာနိ၊
သောဟံ နမော ဘဂဝတော။
နမော သတ္တန္နံသမ္မာသမ္ဗုဒ္ဓါနံ။

အမိပ္ပာယ်မှာ-

ငါသည် အစောင့်ချအပ်ပြီ။

ငါသည် ပရိတ်အကာအကွယ် ပြုအပ်ပြီ။ အန္တရာယ်ပြုမယ့် သတ္တဝါတွေ နောက်ဆုတ် သွားကြပါလော့။

ငါသည် ဂေါတမဘုရားရှင်အား ရှိခိုးပါ၏။

ဝိပဿီဘုရား၊ သိခီဘုရား၊

ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊

ကဿပဘုရား၊ ဂေါတမဘုရား၊ အရိမေတ္တေယျဘုရား ဟူသော ၇-ဆူသော ဘုရားရှင်တို့အား ရှိခိုးပါ၏။

ဤဂါထာသည် ခန္ဓာသုတ်ပရိတ်တော်မှ လာသည်။ ဤဂါထာကို အမြဲရွတ်ဆိုပါက မည်သည့် အန္တရာယ်မှ မတွေ့နိုင်၊ အထူးသဖြင့် ခရီးသွားခါနီးတွင် ရွတ်၍ သွားမည့်လမ်း၊ နေရာ အရပ်ကို မေတ္တာပို့ အမျှဝေပါ။ အန္တရာယ်ကင်းပြီး ကိုယ့်စိတ်တိုင်းကျ ချမ်းသာစွာ သွားရမည်။

✿ ✿ ✿

## အန္တရာယ်ကာကွယ်နည်း မန္တန်

ဗုဒ္ဓဂုဏော အနန္တော၊

ဓမ္မဂုဏော အနန္တော၊

သံဃဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ၊ အညံ နတ္ထိ၊

ဓမ္မော မေ သရဏံ၊ အညံ နတ္ထိ၊

သံဃော မေ သရဏံ၊ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
သော ဥ တ္တိ၊
အမုမှိ ဩကာသေ တိဋ္ဌာဟိ။

အဓိပ္ပာယ်မှာ-
ဘုရားဂုဏ်တော်ကား အနန္တပင်၊
တရားဂုဏ်တော်ကား အနန္တပင်၊
သံဃဂုဏ်တော်ကား အနန္တပင်၊

ဘုရားသည် ငါ၏ကိုးကွယ်ရာ၊ တခြားကိုးကွယ်ရာမရှိ။
တရားသည် ငါ၏ကိုးကွယ်ရာ၊ တခြားကိုးကွယ်ရာမရှိ။
သံဃာသည် ငါ၏ကိုးကွယ်ရာ၊ တခြားကိုးကွယ်ရာမရှိ။

ဘုရားကို ကိုးကွယ်ပါ၏။
တရားကို ကိုးကွယ်ပါ၏။
သံဃာကို ကိုးကွယ်ပါ၏။
အဲဒါဟာ သိထားစေခြင်းပဲ။
သွား ဟိုနေရာမှာ ရပ်နေပါ။

ဤမန္တာန်တော်ကို အမြဲရွတ်ဖတ်ပါက အန္တရာယ်ကင်း၏။ လိုရာကိစ္စ ပြီးစီး၏။ လုပ်သမျှ အောင်မြင်မည်။ နံနက် အိပ်ရာထ ၁၀၈-ကြိမ်၊ အိပ်ရာဝင် ၁၀၈-ကြိမ်၊ တစ်နေ့လျှင် ၂၁၆-ကြိမ် ရွတ်ဆိုပါလေ။ ၁၀၈-၌ = ၁+၀+၈ = ၉။ ၂၁၆-၌ = ၂+၁+၆ = ၉ ဖြစ်၏။

ဤနည်းကို မိုးညှင်း သမ္ဗုဒ္ဓေဆရာတော်ဘုရားကြီး အမြဲကျင့်သုံးတော်မူလေသော ဟူ၏။

## ကိုယ်အနာရောယ်ကင်းဂါထာ

ပြောင်း-ဓိနော အဘာဇ္ဇကာယော မို၊
နတ္ထိ လောဟိတသူဒန်။
တဒေဝ ဝစန် သစ္စံ၊
ဝန္ဒေ တံ လောကနာယကံ၊
တေန သစ္စေန ပုညေန၊
ဟောတု မေ ဇယမင်္ဂလံ။
ပြောင်း-ကာဆီးရှောက်ပါစေသတည်း။

ဓိနော - ငါးမာန်အောင်မြင် ဘုရားရှင်သည်၊ အဘာဇ္ဇကာယော- မပျက်စီးနိုင်သောကိုယ်တော် ရှိသည်။ အမို - ဖြစ်ပေ၏။ လောဟိတသူဒန် - မြတ်စွာဘုရား၏ ကိုယ်တော်မှ သွေးယိုစီးခြင်းသည်။ နတ္ထိ- လုံးဝမရှိပေ။

တဒေဝ ဝစန် - ထိုဆိုခဲ့ပြီးသော စကားသည်သာလျှင် သစ္စံ- မှန်၏၊ တံလောကနာယကံ - လောကသုံးပါး၏ အကြီးအမှူးဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ - ရှိခိုးပါ၏။

တေန သစ္စေန - ထိုသို့ဆိုထား သစ္စာစကားကြောင့်လည်းကောင်း၊ တေနပုညေန - ရှိခိုးပြုစု ထိုကောင်းမှုကြောင့်လည်းကောင်း၊ မေ- အကျွန်ုပ်အား။ ဇယမင်္ဂလံ-အောင်ခြင်းဝေဖြာ မင်္ဂလာသည်၊ ဟောတု - အောင်သံလှစ်ခြွေ ဖြစ်ပါစေသတည်း။

ဤဂါထာတော်သည် မြတ်စွာဘုရားကိုယ်တော်ကို မပျက်စီးနိုင်၊ သွေးမထွက်စေနိုင်၊ ထိုစကားမှန်၏၊ ထိုမြတ်စွာဘုရားကို ရှိခိုးပါ၏။ ဤသစ္စာစကား၊ ဤကုသိုလ်ကြောင့် တပည့်တော် အောင်မြင်ရပါစေလို့။ သစ္စာ ကုသိုလ်ပြု ဆုတောင်းပင်။ အလွန်ကောင်း၏။ ဤသစ္စာနှင့် တူသောဆေး မရှိ၊ သစ္စာသည်သာ တန်ခိုးထက်မြက်၏။ စိတ်လိုဆန္ဒကို ပြည့်ဝစေနိုင်၏။

ဤဂါထာသည်လည်း သစ္စာစကားဖြစ်သောကြောင့် စိတ်လိုဆန္ဒ ပြည့်ဝစေနိုင်သည်မှာ ယုံမှားသံသယ မရှိပေ။ ရွှေတိဂုံဘုရားကြီး၏ ကြေးစလောင်းမှာ ထိုးလှူထားသဖြင့် မည်မျှ တန်ဖိုးထားပြီး တန်ဖိုးကြီးမားသည်ကို ခန့်မှန်းနိုင်၏။ ရေးထိုးလှူသူ၏ အဆင့်ကိုလည်း သိနိုင်၏။ လူသာမညတော့ မဟုတ်တန်ရာ။ အောင်မြင်လိုသူများ အမြဲရွတ်သင့်၏။ ကာယသိဒ္ဓိ လိုက်စားသူများအတွက် အထူးကောင်း၏။ စိတ်ချယုံကြည်စွာ ရွတ်ဆိုပါက လက်တွေ့ အကျိုးခံစားရပေမည်။

❂ ❂ ❂

## အသက်အန္တရာယ်ကင်း ဂါထာ

ဩောင်း–တိဋ္ဌေယျ အန္တဝဿ မှိ၊
ဇယုဿဝေါ သမာပန္နော။
တဒေဝ ဝစန် သစ္စံ၊
ဝန္ဒေတံ လောကနာကံ။
တေန သစ္စေန ပုညေန်၊
ဟောတု မေ ဇယမင်္ဂလံ။
ဩောင်း–ဘေးရန်ကင်းကွာ အောင်မြင်ပါစေသတည်း။

ဇယုဿဝေါ – အတွင်းအဝ နှစ်ဌာနဥ္စ လုံးဝကုန်စင် အောင်ပန်းဆင်တော်မူပြီးထသော၊ သမာပန္နော – နေ့စဉ်မပြတ် သမာပတ်ကို

ဝင်စားတော်မူနိုင်သော မြတ်စွာဘုရားသည်။ အန္တဝဿမှိ – သက်တော် တွက်စစ် ခုနစ်ကာလ အဆုံးကျအောင်။ တိဋ္ဌေယျ – တည်နေတော် မူနိုင်ပါပေ၏။

တဒေဝ ဝစနံ – ထိုစကားသည်၊ သစ္စံ–မှန်ပေ၏။ တံလောက နာယကံ – လောကသုံးပါး၏ အကြီးအမှူးဖြစ်တော်မူသော ထိုမြတ်စွာ ဘုရားကို။ အဟံ – အကျွန်ုပ်သည်၊ ဝန္ဒေ–ဝန္ဒာမိ – ဒွါရသုံးလီ စုံညီ မြတ်နိုး ရှိခိုးပါ၏။

တေနသစ္စေန – ထိုသို့ဆိုထား သစ္စာစကားကြောင့်လည်းကောင်း၊ တေနပုညေနစ – ထိုရှိခိုးပြုစု မြတ်ကောင်းမှုကြောင့် လည်းကောင်း၊ မေ – အောင်မြင်လိုငြား တပည့်တော်အား၊ ဇယမင်္ဂလံ – ကောင်းခြင်း ယှဉ်ရာ အောင်မြင်မှုမင်္ဂလာကို၊ ဒေတု–ပေးသနားတော်မူပါ အရှင်မြတ် ဘုရား။

မြတ်စွာဘုရားသည် တွင်း, ပရန်တွေ အောင်မြင်တော်မူပြီး သမာပတ် ဝင်းစားတော်မူလျက် သက်ဆုံးတိုင် နေနိုင်၏ဟု သစ္စာပြု သည်။ ထိုမြတ်စွာဘုရားကိုပင် ရှိခိုးပြန်၏။ ဤသစ္စာ – ကုသိုလ်နှစ်မျိုး ကြောင့် အောင်ဆုပေးရန် ဆုတောင်းထား၏။ အလွန်ကောင်းပါသည်။

မြတ်စွာဘုရားတို့သည် ဘုရားရှင်တို့ ဓမ္မတာအရ သက်တမ်း ၅–ပုံ ပုံ ၄–ပုံအထိ သက်ရှည်၏။ အလိုရှိက ကမ္ဘာတိုင်အောင် နေနိုင် ၏။ ဤအတွင်း မည်သည့်အန္တရာယ်မျှ မရှိဘဲ တည်နေနိုင်လေသည်။ အတွင်းရန်၊ အပြင်ရန်တွေလည်း အောင်မြင်တော်မူ၏။ သမာပတ် ၈–ပါး ၉–ပါးလုံး ဝသီတော် ၅–တန်ဖြင့် ဝင်စားနိုင်သည်။

ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြု၍ သစ္စာဆိုသဖြင့် ကောင်းမှု မှန်သမျှ ကောင်းကျိုးရပေမည်။ ရှိခိုးခြင်း ပဏာမကုသိုလ်ပါ ဖြည့်စွက် ထားသဖြင့် အောင်ဆုရဖို့ရန် ပို၍ပင်ကျိန်းသေပေ၏။ သို့သော် အကျိုး ဟူသည် အကြောင်းနှင့် မကင်းစမြဲ၊ အကြောင်းကောင်းမှ အကျိုး

ကောင်းပေမည်။ ဤဒွဲလည်း ယုံကြည်စွာဖြင့် ပုဒ်အက္ခရာမှန် အနက်ဉာဏ်ထင်စေပြီး လေးလေးနက်နက် ရွတ်ဖတ်ပါမှ လိုရာအကျိုးပြီးစေမည်။ တမတ်ဖြင့် တစ်ကျပ်တန်ကို မရဟု လူတိုင်းသိကြ၏။ အကျိုးများများ ရလိုလျှင် ကြိုးစား၍သာ ရွတ်ရပေမည်။

ဤဂါထာလည်း ရွှေတိဂုံဘုရားကြီး ထိးတော် ကြေးစလောင်းမှာပင် ရေးထိုး လှူဒါန်းထား၏။ အနည်းဆုံး တစ်နေ့ ၃–ကြိမ်ရွတ်ဖတ်ပေးပါက ဥပဒ္ဒဝေကကံမှ ကင်းလွတ်မည်။ လိုရာကိစ္စ ပြီးပြည့်ဝမည်၊ ယုံကြည်စွာဖြင့် ရွတ်ကြပါလေ။

❁ ❁ ❁

## အသက်အန္တရာယ်ကင်းမန္တန်

ဥုံ – ဗုဒ္ဓါနံ ဓိဝိတဿ နသက္ကာ၊
ကေနစိ အန္တရာယော ကာတုံ။
တဒေဝ ဝစနံ သစ္စံ၊
ဝန္ဒေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊
ဟောတု မေ ဇယမင်္ဂလံ။
ဥုံ–သိဒ္ဓိဟူသမျှ ပြီးမြောက်ပါစေသတည်း။

ဗုဒ္ဓါနံ–ဘုရားရှင်တို့၏။ ဓိဝိတဿ–သက်တော်၏။ အန္တရာယော – အန္တရာယ်ကို။ ကေနစိ–ဗြဟ္မာနတ်လူ တစ်စုံတစ်ယောက်သောသူမျှ။ ကာတုံ–ပြုခြင်းငှာ။ နသက္ကာ–မစွမ်းနိုင်။

တဒေဝ စနံ – ထိုစကားသည်။ သစ္စံ – မှန်ပေ၏။ တံလောကနာယကံ – ထိုဘုရားရှင်ကို။ အဟံ – တပည့်တော်သည်။ ဝန္ဒာမိ – ရှိခိုးပါ၏။

တေနသစ္စေန – ထိုသို့ဆိုထား သစ္စာစကားကြောင့် လည်းကောင်း။

တေနပုညေန – ရှိခိုးပြုစု ထိုကောင်းမှုကြောင့် လည်းကောင်း။ မေ– တပ်ညှိတော်အား။ ဇယမင်္ဂလံ–ကောင်းမြတ်ယှဉ်ရာ အောင်ခြင်းမင်္ဂလာကို။ ဒေတု–ပေးသနားတော်မူပါ အရှင်ဘုရား။

ဘုရားရှင်တို့၏ သက်တော်ကို တစ်ယောက်တလေမျှ အန္တရာယ်မပြုနိုင်ဟု သစ္စာဆို၏။ ထိုဘုရားရှင်ကို ရှိခိုး၏။ ဤသစ္စာ ကုသိုလ်ကြောင့် အောင်ဆုပေးပါလို့ ဆုတောင်းထားသည်။ ဘုရားရှင်၏ သက်တော် အန္တရာယ်မရှိမှုကို သစ္စာဆိုထားသဖြင့် အနက်မှာ အလွန်ကောင်းလှသည်။ မှန်၏။ ဘုရားရှင်တို့သည် ဥပစ္ဆေဒက ကံက ဖောမိပင်ရင်း၌ပင် အကြွင်းမဲ့ ပတ်သက်ခဲ့ကြလေပြီ။

ဤဂါထာကိုလည်း ရွှေတိဂုံဘုရားကြီး ထီးတော် ကြေးစလောင်းတွင် ရေးသားလှူဒါန်းသဖြင့် မည်မျှ အဖိုးထိုက်မည်ကို ခန့်မှန်းနိုင်ပေသည်။ ဘုရားရှင်၏သက်တော် အန္တရာယ်မရှိပုံကို အာရုံပြုပြီး ရွတ်ဆိုသစ္စာပြုပါက ရည်ရွယ်ချက်အောင်ဆု ပြည့်ရမည်မှာအမှန်ပင်။ များများ ရွတ်နိုင်လေ ကောင်းလေ၊ အနည်းဆုံး အိပ်ရာဝင် ၉–ခေါက်, အိပ်ရာထ ၉–ခေါက် ရွတ်ပေးပါက ရွတ်ဖတ်မှုစွမ်းအင်အလိုက် အကျိုးခံစားရပေမည်။ ကြိုးစားပါက အထူးသဖြင့် အသက်အန္တရာယ် ကင်း၍ အောင်မြင်မှုရှိပြီး ကာယသိဒ္ဓိပင် ရရှိနိုင်ပါသည်။ ကြိုးစား၍ ရွတ်ပါလေ။

❂ ❂ ❂

## "ဘုရားဂုဏ်တော်"

ဣတိပိသော ဘဂဝါ

အရဟံ၊ သမ္မာ သမ္ဗုဒ္ဓေါ၊

ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊

လောကဝိဒူ၊ အနုတ္တရောပုရိသ ဓမ္မသာရထိ၊

သတ္ထာ ဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

ထိုမြတ်စွာဘုရားသည် ဤကိလေသာတို့မှ ဝေးကွာတော်မူသော အကြောင်းကြောင့်လည်း အရဟံမည်တော်မူပါပေ၏။

ကောင်းစွာ ကိုယ်တော်တိုင် တရား အားလုံးတို့ကို ထိုးထွင်း, သိမြင်တော်မူပြီးသော အကြောင်းကြောင့်လည်း သမ္မာ သမ္ဗုဒ္ဓ မည်တော်မူပါပေ၏။

ဝိဇ္ဇာဉာဏ် ၃–ပါး၊ ဝိဇ္ဇာဉာဏ် ၈–ပါး၊ စရဏကျင့်စဉ် ၁၅–ပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူပါပေ၏။

ကောင်းသောစကားကိုသာ မိန့်တော်မူသော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူပါ၏။

လောကအားလုံးကို အကုန်သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူပါပေ၏။

ပြိုင်ဘက်မရှိ ဆုံးမသင့်သူ ဟူသမျှကို ဆုံးမနိုင်သော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသ ဓမ္မသာရထိ – မည်တော်မူပေ၏။

လူနတ် ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာနံ မည်တော်မူပါပေ၏။

သစ္စာလေးပါးကို ကိုယ်တော်တိုင်လည်းသိ၊ သူတစ်ပါးကိုလည်း သိစေနိုင်သော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူပါပေ၏။

ဘုန်းတော် ၆–ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူပါပေ၏။

ဤဘုရားဂုဏ်တော် ပါဠိကို အမြဲရွတ်ဆိုပါက ဘေးရန်ကင်းခြင်း၊ ကြောက်ရွံ့ထိတ်လန့် ကြက်သီးမွေးညင်း မထခြင်း၊ စိတ်ချမ်းသာခြင်း၊ စီးပွားလာဘ်လာဘ တိုးတက်ခြင်း သုဂတိဘဝရခြင်း၊ နိဗ္ဗာန်မဂ်ဖိုလ် ရနိုင်ခြင်း စသော မရေတွက်နိုင်သော လောကီ၊ လောကုတ္တရာ အကျိုးဘုးတွေကို ရရှိပါသည်။

စိတ်လိုရာ ပြည့်စုံမည်။ အကြိမ်ကြိမ် ရွတ်ဖတ်ပါ။ အာသေဝန ပဌာန်းပစ္စည်းရအောင် ရွတ်ဖတ်ပေးပါက အဖိုးအနဂ္ဃပင်။ အနည်းဆုံး အိပ်ရာထ ၉–ကြိမ်၊ အိပ်ရာဝင် ၉–ကြိမ်၊ အမှုကိစ္စ ဆောင်ရွက်တိုင်း ၉–ကြိမ် ရွတ်ဆိုပေးပါက ထူးခြားစွာ ခံစားရမည်။ တစ်သက်လုံး စွဲမြဲစွာ ရွတ်ဆိုထုံထားပါက လိုရာပြည့်စုံပါလိမ့်မည်။

❂ ❂ ❂

### "တရားဂုဏ်တော်"

သွာက္ခာတော ဘဂဝတော ဓမ္မော၊
သန္ဒိဋ္ဌိကော၊ အကာလိကော၊
ဧဟိ ပဿိကော၊ ဩပနေယျိကော၊
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

မြတ်စွာဘုရားသည် မဂ်, ဖိုလ်၊ နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု ၁၀ ပါးသော တရားတော်ကို ကောင်းစွာ ဟောကြားတော်မူအပ်ပါပေ၏။
မျက်မှောက်၌ပင် အကျိုးခံစားရပါပေ၏။
အခါမလင့် အကျိုးပေးပါပေ၏။
"လာစုံစမ်းကြည့်ပါ"ဟု ဖိတ်ခေါ်ထိုက်ပါပေ၏။
ကပ်ဆောင်ထားထိုက်ပါပေ၏။
အရိယာ ပညာရှင်တို့ ကိုယ်တွေ့ခံစား နိုင်ပါ၏။
ဤတရားဂုဏ်တော် ၆–ပါး ပါဠိကို ရွတ်ဖတ်ပါက အန္တရာယ်ကင်းခြင်း ချမ်းသာကြီးပွားခြင်း နတ်ရွာနိဗ္ဗာန်ချမ်းသာပင် ရနိုင်ပါပေ၏။
ဘုရားဂုဏ်တော် အတိုင်းပင် ရွတ်ပါလေ။

❂ ❂ ❂

## သံဃာ့ဂုဏ်တော်ပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊
ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဘုရားရှင်၏ တပည့်သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူပါပေ၏။ ဘုရားရှင်၏ တပည့်သံဃာတော်သည် ဖြောင့်မတ်စွာ ကျင့်တော်မူပါပေ၏။ ဘုရားရှင်၏ တပည့်သံဃာတော်သည် အရိအသေခံထိုက်ဖို့ ကျင့်တော်မူပါပေ၏။ မဂ်ဖိုလ်အစုံအားဖြင့် လေးစုံတို့သည် ပုဂ္ဂိုလ် ၈-ယောက်စီ ဖြစ်ကြ၏။ ဘုရားရှင်၏ ဤတပည့်တော်သံဃာ ၈-ယောက်သည် အဝေးမှယူဆောင်၍ လှူသောအလှူကို ခံယူထိုက်ပါပေ၏။ ဧည့်သည်ဖို့ ရည်မှန်းထားသော ပစ္စည်းကို ခံယူထိုက်ပါပေ၏။ မြတ်သောအလှူကို ခံယူ ထိုက်ပါပေ၏။ လက်အုပ်တို့ ထိုက်ပါပေ၏။ လောက၏ အတုမရှိ ကောင်းမှုလယ်ယာ ဖြစ်တော်မူပါပေ၏။

ဤသံဃာ့ဂုဏ်တော် ပါဠိကိုလည်း ရှေ့ဘုရားဂုဏ်တော် ပါဠိ အတိုင်းပင် ရွတ်ဖတ်ရမည်။ အချို့ကား ၉-ကြိမ် သက်စေ့ရွတ်ကြ၏။ အကြိမ်တစ်ထောင် ရွတ်ကြ၏။ ကောင်းသည်ချည်းပင်။

၀၀၀

## အန္တရာယ်ကင်း ဂါထာတော်

ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု၊
ဓမ္မော မေ သီသေ တိဋ္ဌတု၊
သံဃော မေ သီသေ တိဋ္ဌတု၊
မာတာပိတု အာစရိယာ မေ သီသေ တိဋ္ဌန္တု။

မြတ်စွာဘုရားသည် တပည့်တော်၏ ဦးခေါင်း၌ သီတင်းသုံးနေတော် မူပါစေသတည်း။

တရားတော်သည် တပည့်တော်၏ ဦးခေါင်း၌ သီတင်းသုံးနေတော်မူပါစေသတည်း။

သံဃာတော်သည် တပည့်တော်၏ ဦးခေါင်း၌ သီတင်းသုံးနေတော်မူပါစေသတည်း။

မိခင် ဖခင် ဆရာရှင်တို့သည် တပည့်တော်၏ ဦးခေါင်း၌ နေတော်မူကြပါစေသတည်း။

ဤမန္တာန်ကို အိပ်ရာဝင် ၉-ခေါက်၊ အိပ်ရာထ ၉-ခေါက်ရွတ်လျှင် အကြံအစည် အောင်မြင်မည်၊ အန္တရာယ်ကင်းမည်၊ စီးပွားတိုးတက်မည်၊ အသက်ရှည်, အဆင်းလှ, ချမ်းသာရ, ခွန်အားဗလ ပြည့်စုံပြီး ဉာဏ်ပညာ ထက်မြက်မည်။ မှန်၏။ ဗုဒ္ဓက ကြီးသူတို့၌ ရှိခိုးမှု, အရိုအသေပြုမှု ရှိသူအား အသက်ရှည်, အဆင်းလှ, ချမ်းသာရ, ခွန်အားဗလ ပြည့်စုံပြီး ဉာဏ်ပညာထက်ခြင်း ၅-ပါးကို လက်တွေ့ခံစားရမည်ဟု မိန့်ကြားတော်မူခဲ့လေသည်။ ထို့ကြောင့် ယုံကြည်စိတ်ချစွာဖြင့် ရွတ်ဖတ်ကြပါကုန်လော့။

## သရဏဂုံ ၄၅ ပါး

၁။ ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဇီဝိတကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၃။ ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဘောဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဘောဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၄။ ဘောဂကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဘောဂကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဘောဂကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၅။ မရဏပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၆။ မရဏကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၇။ အရဟတ္တမဂ္ဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၈။ အရဟတ္တမဂ္ဂကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၉။ နိဗ္ဗာနပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၁၀။ နိဗ္ဗာနကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၁၁။ ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၁၂။ ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ။

၁၃။ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

အဇ္ဈတဂ္ဂေ ပါကာရုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အဇ္ဈတဂ္ဂေ ပါကာရုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

